NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ

## ၂၀၁၉ခုနှစ် ဧပြီလ မှ ဇွန်လ အထိ

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ


| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅ |
| ၂။ | ဘဏ္ဍာရေး | ၈ |
| ၃။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၁၀ |
| ၄။ | ဝယ်ယူရေးအခြေအနေ | ၁၁ |
| ၅။ | သင်တန်းပို့ချခြင်း | ၁၃ |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၁၇ |
| ၇။ | သတင်းပြန်ကြားခြင်း | ၂၀ |
| ၈။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၂၁ |
| ၉။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၂၂ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း | ၂၅ |
| ၁၁။ | သိပညာနှင့် လေ့လာသင်ယူခြင်း | ၂၇ |
| ၁၂။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၈ |
| ၁၃။ | ဆန္ဒအလျောက်မြေယာလှူဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၂၉ |
| ၁၄။ | သုံးလပတ်အတွင်းကြုံတွေ့ရသောအခက်အခဲများ | ၂၉ |
| ၁၅။ | ထောက်ပံ့လိုအပ်ချက်များ | ၅၇ |
| ၁၆။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၇၀ |
| ၁၇။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၇၅ |

**စာရင်းဇယားများ၊ ကိန်းဂဏာန်းအချက်အလက်ဖော်ပြမှုများ**

ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၀-၆-၂၀၁၉) အထိ ကဏ္ဍအလိုက် ခွဲဝေမှု ပြဇယား

ဇယား ၂: စေတနာအလျောက်မြေယာလှူဒါန်းခြင်းအခြေပြဇယား

ဇယား ၃: ဘာသာပြန်မှုအခြေပြဇယား

ဇယား ၄: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၅: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၀-၆-၂၀၁၉)

ဇယား ၆: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: ၂၀၁၇ခု ကျန်ရှိနေသော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ပဉ္စမနှစ်)

ဇယား ၁၁: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၂: ၂၀၁၉ခုနှစ်၊ ဆဋ္ဌမနှစ်သုံးလပတ်အတွက် IFR : စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အပိုင်းအလိုက်ခွဲခြားထားသည့် ရံပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုများ

ဇယား ၁၃: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ပုံ ၁ : ၂၀၁၈/၁၉ ခုနှစ် ပဉ္စမနှစ် စီမံကိန်းစက်ဝန်း နှင့် ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည်ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၉ခုနှစ်၊ စက်တင်ဘာလအထိ လာမည့်၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။ ပဉ္စမနှစ် စီမံကိန်းနှင့် ဆဌမနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်ဟောင်း ၄၅ မြို့နယ်နှင့် မြို့နယ်သစ် ၁၆ မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

**ပဉ္စမနှစ် မြို့နယ် ၆၁ မြို့နယ်**

(က) **VDP** သတ်မှတ်ချက် ၁၁၅၇၂ ရှိသည့်အနက် ၁၁၅၁၃ခုပြီးစီး၍ **၉၉%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၅၆ခု ရှိသည့်အနက် ၉၀၅၆ ခုအား **TPIC**မှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၉၀၅၆ ခုရှိသည့် အနက် ၉၀၂၃ ခု ပြီးစီး၍ ၉၉.၆၄% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၃၇ခုအား(၁၀၀%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသောကြောင့် ၉၇.၅၈% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၇၈၅၀ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၆၆၅ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

**ဆဌမနှစ် မြို့နယ် ၅၄ မြို့နယ်**

(က) **VDP** သတ်မှတ်ချက် ၁၀၂၇၈ ရှိသည့်အနက် ၈၀၀၆ ခုပြီးစီး၍ **၇၈%** ပြီးစီးခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၈၁၃ ခု ရှိသည့်အနက် ၆၈၀၂ခုအား **TPIC**မှ အတည်ပြုပေးနိုင်ခဲ့ပြီး **၉၉%** ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၆၈၁၃ခု ရှိသည့် အနက် ၆၄၅၁ ခု ပြီးစီး၍ ၉၄ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၁၈၈ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသောကြောင့် ၇၆.၁၄ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၃၇၀၉ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၄၂၈၆ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ယခုသုံးလပတ်အတွင်း ပဉ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွဲ မပြီးဆုံးသေးသော မြို့နယ်(၁၁)မြို့နယ်၏ လုပ်ငန်းခွဲ(၄၂၈)ခု ကြန့်ကြာနေပါသည်။ လုပ်ငန်းခွဲ ကျန်ရှိနေသော ဘီးလင်းမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ (၂)ခု၊ ဝွမြို့နယ်တွင် (၂၃)ခု၊ လှိုင်းဘွဲ့မြို့နယ်တွင်(၁၄)ခု၊ အင်္ဂပူမြို့နယ်တွင် (၈၂)ခု၊ ကနီမြို့နယ်တွင် (၃)ခု၊ ကော့ကရိတ်မြို့နယ်တွင် (၁)ခု၊ မောက်မယ်မြို့နယ်တွင် (၇)ခု၊ မိုင်းခတ်မြို့နယ်တွင် (၂၈)ခု၊ ပုဏ္ဏားကျွန်းမြို့နယ်တွင်(၈၃)ခု၊ ရွှေကျင်မြို့နယ်တွင် (၄)ခု၊ သဲကုန်းမြို့နယ်တွင် (၁၈၁)ခုအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ဆဋ္ဌမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၄၈၈ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၅၁၈၈ ပြီးစီး၍ ၄၂၈၆ လူထုစစ်ဆေးပွဲ ပြုလုပ် နိုင်ခဲ့ပါသည်။ ဆဋ္ဌမနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲ ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၆၃.၄% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၈၅ % ၊ လူထု အထောက်အပံ့ ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဉ္စမနှစ် စီမံကိန်းအတွင်း ၇.၃၅% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၃၆ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၇.၃၄ % တခြား ၁.၃၃ % နှင့် ကျန်းမာရေး ၀.၃၄ % ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၄၉.၀၅% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၉၇ % ၊ လူထု အထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဋ္ဌမနှစ် စီမံကိန်းအတွင်း ၁၂.၃၀% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၃၇ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၃.၃၆ % တခြား ၄.၆၃ % နှင့် ကျန်းမာရေး ၀.၂၈ % ဆောင်ရွက်လျက်ရှိပါသည်။

**NCDDP ပဥ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၀-၆-၂၀၁၉)**

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၀၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဥ္စမနှစ် ၂၀၁၇/၁၈ | | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | | စုစုပေါင်း (ပ- ဆဋ္ဌမ) |
|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ပေါင်း ၆၁ | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၂၆၃၁ | | ၂၃၄၂ | | ၂၆၃၁ |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁၇၅၅ | | ၁၀၂၈၈ | | ၁၁၇၅၅ |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၁ | ၉၈.၄၇ | ၁၈၆၄ | ၉၂.၂၃ | ၁၈၆၄ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၈၉ | ၉၈.၄၀ | ၁၇၇၈ | ၈၇.၉၇ | ၁၇၇၈ |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇.၃၇ | ၈၆.၆၃ | | ၈၀.၇၆ | | ၂၈.၅၁ |
| **VDP** ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁၅၁၃ | ၉၇.၉၄ | ၈၁၇၇ | ၆၈.၁၃ | ၃၆၂၈၄ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၅၆ | ၁၀၀ | ၆၈၁၃ | ၉၉.၈၅ | ၃၀၂၂၀ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၂၃ | ၉၉.၆၄ | ၆၄၅၁ | ၉၄.၆၈ | ၂၉၈၂၅ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | |
| ၀ % | | | | | ၀ | ၀ | ၀ | ၀ | |
| ၁%၅၀- | | | | | ၂၃ | ၀.၂၅ | ၃၀၂ | ၃.၉၈ | ၃၂၅ |
| ၅၁%၇၅- | | | | | ၃၃ | ၀.၃၆ | ၂၃၆ | ၃.၁၁ | ၂၆၉ |
| ၇၆%၉၀- | | | | | ၁၂၆ | ၁.၃၉ | ၆၄၈ | ၈.၅၄ | ၇၇၄ |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၈၃၇ | ၉၇.၅၈ | ၅၁၈၈ | ၆၈.၃၄ | ၂၈၃၇၆ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၇၈၅၀ | ၉၆.၆၂ | ၃၇၀၉ | ၅၇.၁၆ | ၂၅၉၁၀ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၆၆၅ | ၇၃.၇၁ | ၄၂၈၆ | ၅၀.၈၄ | ၂၇၃၀၂ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၅၇ | | ၁၀ | | ၁၅၂ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | | | ၅ |

၅။ ယခုသုံးလပတ်အတွင်း ပဥ္စမနှစ်စီမံကိန်းတွင် ပဥ္စမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၈၃၇)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၆၆၅)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ(၁၈၂)ခုမှာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၆။ ယခုသုံးလပတ်အတွင်း ဆဌမနှစ်စီမံကိန်းတွင် ဆဌမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း **(၅၁၈၈)**ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း **(၄၂၈၆)**ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ**(၁၁၈၆)**ခုမှာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၇။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသောအခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

(က) မော်တော်ဆိုင်ကယ်များ၊ မိတ္တူကူးစက်များ၊ Printerများ၊ Colour ဆေးများ အချိန်မီ ပြုပြင်ရန်နှင့် အပိုပစ္စည်းများ ဝယ်ယူရန်ခက်ခဲခြင်း၊

(ခ) စီမံကိန်းမြို့နယ်များတွင် စာရေးကိရိယာများထားရှိရန် ဗိုင်တင်စင်များ လိုအပ်ခြင်း၊

(ဂ) Laptopနှင့် Tablet Huaweiများ power supply ဖွင့်မရသည့်အတွက် ခက်ခဲခြင်းနှင့် Laptopများ Window update တောင်းနေသည့်အတွက် အသုံးပြု၍ မရသည့်အခက်အခဲ၊

(ဃ) Logo စတစ်ကာများ အချိန်မီမရရှိသောကြောင့် ကျေးရွာများသို့ဖြန့်ဝေနိုင်ခြင်း မရှိသေးသည့် အခက်အခဲ၊

(င) Projector မှာ မီးလုံးအားနည်းနေပြီး သုံးစွဲရန် အခက်အခဲဖြစ်နေခြင်း၊

(စ) စီမံကိန်းကျေးရွာများသို့ သွားရောက်ရန်အတွက် ပန်းတောင်းမြို့နယ်နှင့် ကနီမြို့နယ်များမှ မော်တော်ဆိုင်ကယ်များထပ်မံ လိုအပ်လျက်ရှိခြင်း၊

**၂။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)**

၈။ ဆဌမနှစ်စီမံကိန်းတွင် **block grants** စုစုပေါင်း မြန်မာငွေကျပ် ၄.၅၈ ဘီလီယံအား မြို့နယ် (၁၃) မြို့နယ်အား ထုတ်ပေးပြီး ဖြစ်ပါသည်။

**FY-18 (6-months)**စာရင်းစစ်စစ်ဆေးခြင်းဆောင်ရွက်ပြီးဖြစ်ပါသည်။ ဘဏ္ဍာရေး စစ်ဆေးပြီးသည့် အစီရင်ခံစာအား စောင့်ဆိုင်းနေဆဲဖြစ်ပါသည်။ Finance Assistant ဝန်ထမ်း(၁)ဦး အလုပ်ထွက်သွားပါသဖြင့်(၁)ဦး လစ်လပ်နေပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

(က) ပြင်ဆင်ရမည့်ပုံစံများအား ပြင်ဆင်ခြင်း

(ခ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း

(ဂ) လုပ်ဆောင်နေသော ကိစ္စရပ်များအား မြို့နယ်များနှင့် ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း

<u>ဘဏ္ဍာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်</u>

- ၂၀၁၈-၁၉ ခုနှစ် စုစုပေါင်း အသုံးစရိတ်များအား အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြန့်ဖြူးပြီးဖြစ်သည်-

FY 2018-19 (in MMK)

| BY COMPONENT | Annual budget | Quarter1,2 and 3 budget | EXPENSES | | | BUDGET BALANCE (QUARTER) | % SPENT (QTR 1,2 & 3) | % SPENT (ANNUAL) |
|---|---|---|---|---|---|---|---|---|
| | | | Previos two quarter | Current quarter | TOTAL | | | |
| COMP 1:BLOCK GRANT | 79,728,044,000 | 73,445,267,095 | 70,780,389,210 | 4,570,800,000 | 75,351,189,210 | (1,905,922,115) | 103% | 95% |
| COMP 2:FACILITIES & CAPACITY BLDG | 21,496,378,979 | 19,078,379,881 | 11,423,229,824 | 6,761,856,026 | 18,185,085,850 | 893,294,031 | 95% | 85% |
| COMP 3:KNOWLEDGE & LEARNING | 1,779,949,877 | 1,049,577,342 | 352,611,095 | 354,102,102 | 706,713,197 | 342,864,145 | 67% | 40% |
| COMP 4:INSTITUTIONAL SUPPORT | 6,787,942,070 | 4,352,430,400 | 2,976,737,890 | 700,593,367 | 3,677,331,257 | 675,099,143 | 84% | 54% |
| TOTAL | **109,792,314,926** | **97,925,654,719** | **85,532,968,019** | **12,387,351,495** | **97,920,319,514** | **5,335,205** | 100% | 89% |

## ၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

## ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း

၉။ လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေ(၅%+လုပ်ငန်းသုံးပိုငွေ+အသေးသုံးလက်ကျန်ငွေ) ဖြင့်ဆောင်ရွက်သည့်(ပင်လည်ဘူး၊စေတုတ္တရာ၊အမ်း၊ထန်းတပင်၊ လေးမျက်နှာ၊ တပ်ကုန်း၊ ကျွန်းစု)မြို့နယ်များအနက် ကျွန်းစုမြို့နယ်ရှိ လုပ်ငန်းခွဲ(၁၆၂)ခုတွင် (၁၁၉)ခုမှာ(၁၀၀%) ဆောင်ရွက်ပြီးဖြစ်ပြီး ကျန်လုပ်ငန်းခွဲ(၄၃)ခုမှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ကျန်မြို့နယ် များရှိ လုပ်ငန်းခွဲများအားလုံး (၁၀၀%)ဆောင်ရွက်ပြီးဖြစ်ပါသည်။

(ခ) စီမံကိန်းမြို့နယ်များအားလုံးတွင် ရေအရည်အသွေးစစ်ဆေးမှု(water quality testing) ဆောင်ရွက်လျက်ရှိပြီး PC-21 တွင် Upload တင်နိုင်ရန်ညွှန်ကြားထားပြီး ဖြစ်ပါသည်။

**Conflict area များဖြစ်သော-**

**လှိုင်းဘွဲ့မြို့နယ်**

လှိုင်းဘွဲ့မြို့နယ်တွင် ယခုဒုတိယနှစ်စက်ဝန်းတွင် ရှိ ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၂၆)ရွာ အားထပ်တိုးဆောင်ရွက်ခွင့်ရရှိခဲ့ပြီး မြိုင်ကြီးငူအထူးဒေသတွင် စီမံကိန်းဆောင်ရွက်ရန် အားလုံး ပြင်ဆင်ပြီး ဖြစ်သော်လည်း ကျေးရွာလူထုမှ ဘဏ်အကောင့်ဖွင့်ရာတွင် မှတ်ပုံတင်လိုအပ်နေပါသဖြင့် မြို့နယ်မှ ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ကျေရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၂၉)ရွာမှာ တိုင်းရင်း သား အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (KNU/KNLA/DKBA ၄င်းတို့၏ Deep control Area များ၊ Land Mine Area)

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရ ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ (၁၀)မှာ စီမံကိန်းဆောင်ရွက်နိုင်းခြင်းမရှိပါ။ (KNU ၄င်းတို့၏ Deep control Area များ)

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှယနေ့အချိန်အထိ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ(၄၀)မှာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းသော်လည်း စီမံကိန်းဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ (KNU ၄င်းတို့၏ Deep control Area များရှိခြင်း၊ ကျေးရွာအချို့တွင် ၄င်းတို့၏ စခန်းများ ရှိခြင်း)

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာ(၁၇)ရွာ ကျန် ရှိပါသည်။ (ရွာတည်စဉ်ကမြေကိစ္စ Issueများအတွက် KNUမှ ဆိုင်းငံ့ထားခြင်း)

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ(၄)ရွာကျန်ရှိ ပါသည်။ (၄င်းတို့၏ Deep control Area တွင် ကျေးရွာများရှိနေခြင်း)

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် မူလက ခွင့်ပြုသည့် ကျေးရွာအုပ်စု(၅၄)အုပ်စု၊ ကျေးရွာ(၈၄)ရှိပြီး လက်ရှိမြေပြင်အခြေအနေအရ ကျေးရွာအုပ်စု(၂၆)အုပ်စု၊ ကျေးရွာ(၅၈)ရွာရှိ လုပ်ငန်းခွဲ(၅၈)ခုသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး (၁၀၀)%ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းခွဲ(၂၉)ခုရှိပြီး ကျန်ရှိသည့် ကျေးရွာများအား နယ်မြေလုံခြုံရေးပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် နယ်မြေအခြေအနေအရ ယခုနှစ်စက်ဝန်းတွင် ကျေးရွာအုပ်စု (၄၂) အုပ်စု၊ ကျေးရွာ(၁၄၆)ရွာ ဆိုင်းငံ့ထားရပြီး ကျေးရွာအုပ်စု(၄၈)အုပ်စု၊ ကျေးရွာ(၁၅၈)ရွာရှိ စီမံကိန်း လုပ်ငန်းခွဲ(၁၅၈)ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ လုပ်ငန်းခွဲ (၈၂)ခုမှာ (၁၀၀)%ပြီးစီးပြီး လုပ်ငန်းခွဲ(၃)ခုမှာ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

**၄။ ဝယ်ယူရေး (အကြံပေးများနှင့် နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းဆောင်ရွက်ခြင်း)**

**မြို့နယ်အဆင့် နည်းပညာ အကြံပေးအဖွဲ့များ ငှားရမ်းခန့်ထားခြင်း**

၁၀။ ဆဋ္ဌမနှစ်စီမံကိန်းစက်ဝန်းအတွင်း ပြည်ထောင်စုအဆင့်မှ ဝယ်ယူရေး လှုပ်ရှားမှုများအား အစီရင်ခံပြီး ဖြစ်ပါသည်။

ဤအစီရင်ခံစာရေးသားသည့်အချိန်တွင် PP9 နည်းလမ်းကို ယူဆောင်၍ ကိစ္စတွင်အတည်ပြုခဲ့သည်။ ကုန်ပစ္စည်းများ packages များ၏ပထမဦးဆုံး ဝယ်ယူရေးနောက်ဆုံး ပြန်လည်သုံးသပ်ခြင်းနှင့် ကန်ထရိုက်များ၏ဆုံးဖြတ်ချက်များအတွက်ပစ္စည်းဝယ်ယူရေးအဖွဲ့သို့ပေးပို့တင်ပြခဲ့ကြသည်။ အဆိုပါCV’s 53 Regional Office Consultant များအတွက် 15 နေရာအတွက် အကဲဖြတ်အစီရင်ခံစာအား ကမ္ဘာ့ဘဏ်သို့ NOL တောင်းခံထားပြီး ဖြစ်ပါသည်။ Community Procurement Resourse Officer (၁)နေရာအတွက် ဦးကျော်ဇေယျနှင့်စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။National Training Expert C-65 ရာထူး(၁)နေရာနှင့် Finance Assistant for Checking Township Financial Management ရာထူး(၁)နေရာအတွက် ကြော်ငြာထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။Procurement Assistant (၁၇)နေရာ အတွက် ကြော်ငြာအား (၁၀.၅.၂၀၁၉)ရက်နေ့တွင် ကြော်ငြာခေါ်ယူခဲ့ရာ စုစုပေါင်း (၂၇၁)စောင် လက်ခံရရှိခဲ့ပါသည်။ လစ်လပ်လျက်ရှိသော National Finance Assistant(၁)နေရာအတွက် ဒေါ်တင်တင်ဖြူနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ National Grievance Handling Expert ရာထူး(၁)နေရာအတွက် လျှောက်လွှာများ ခေါ်ယူခဲ့မှု(၂)ကြိမ် ခေါ်ယူခဲ့သော်လည်း TOR ပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူ မရရှိခဲ့ပါ။

အဆိုပါပစ္စည်းဝယ်ယူရေးယူနစ်ကိုလည်း 2019-2020 များအတွက်ထောက်ပံ့ 13 အသစ်များကို မြို့နယ်များနှင့်အတူ ရှေ့ဆက်ဖို့ သက်ဆိုင်ရာပိုမိုမြင့်မား သာဓကအနေဖြင့် ရှင်းလင်းရေးကို လက်ခံရရှိသည့်

NCDDP စီမံခန့်ခွဲမှုမျှော်လင့်သည်, ထို့အပြင်ပစ္စည်းဝယ်ယူရေးဦးစီးဌာန အရာမြို့နယ်ကို သိရှိနိုင်ဖို့ ခွင့်ပြုသည့် မြို့နယ်များတွင်စာရင်းလက်ခံရရှိရန် အဆိုပါ TTA အတိုင်ပင်ခံရှိပြီးသားကန်ထရိုက်များ၏ extension ကိုသုံးပြီးစာချုပ်ချုပ်ဆိုခြင်းကိုခံရနိုင်ပြီး, အရာမြို့နယ်များအတွက် အခြားရွေးချယ်ရေးနည်းလမ်း သင့်လျော်သော ပါလိမ့်မယ်။ ယခင်အစီရင်ခံစာငါတို့သည်အမှုအရာသည်ယနေ့ရပ်ကြောင့် TTA အတိုင်ပင်ခံ၏ ရွေးချယ်ရေးလုပ်ငန်းစဉ်များကြောင့်ထိုအရွေးချယ်ရေးလုပ်ငန်းစဉ်များရပ်ကွက် 2 ကာလအတွင်း စတင်လိမ့်မည်ဟု ပင်အတော်လေးမဖြစ်နိုင်ဖြစ်ပါသည်ကိုပထမဦးဆုံးရပ်ကွက် 2019. ကာလအတွင်း စတင်သင့်ထွက်ရှိသောညွှန်ပြ။

မြို့နယ်နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ တိုင်းက သဘောတူညီခဲ့ထားပြီး ပေမယ့် ယခုတစ်နှစ်ဖြစ်ကြောင်းအချို့သောအရာ၏နောက်ဆုံးပေါ် TTA packages များ, များအတွက် TOR ကိုအတွက် ကြိုတင်သိမြင်နေသော်လည်း ဖြစ်ပါတယ် အဖြစ်ခိုင်မြဲစွာ, မြို့နယ်နည်းပညာပိုင်းဆိုင်ရာ အကူအညီများ၏ အကဲဖြတ်များအတွက် အကဲဖြတ်တန်းစီဇယား ဖွံ့ဖြိုးတိုးတက်ဖို့စီစဉ်ထားမဟုတ်တက်ကြွ။ ဒီအကဲဖြတ်ခြင်း၏ရလဒ်များ TTA အတိုင်ပင်ခံနှင့်အတူ ဆန်းစစ် သုံးသပ်ခြင်း ဆွေးနွေးမှုများ အတွက်အခြေခံဖြစ်လိမ့်မည်။ ဒီလေ့ကျင့်ခန်း၏ဒုတိယရည်ရွယ်ချက်မှာ TTA တာဝန်ကျ၏ ကျန်ရှိသော နှစ်နှစ် TTA ၏အသုံးအနှုန်းများအတွက် နောက်ထပ်လိုအပ်ချက်များကို အကဲဖြတ်ဖို့ ဖြစ်ပါသည်။

**ဝယ်ယူရေးအစီအစဉ်**

၁၁။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်-

(က) G-93 Boat for Kani and Kyun Hla (၂)စီးအား ဝယ်ယူခဲ့ခြင်းအတွက် (၁၀%)အား ငွေပေးပြီး ဖြစ်ပါသည်။

(ခ) G-126 Photo Copiers (၇၀) လုံးအား လိုအပ်သော မြို့နယ်များအတွက် ဝယ်ယူရန် တင်ဒါအောင်မြင်သော Ottimo Power Co.,Ltd နှင့် (၂၆.၆.၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဂ) G-127 Projector with screen (၂၅) စုံအား ဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော Gandamar Business Solution Co.,Ltd နှင့် (၃.၆.၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဃ) G-136 Project Information Board with Project logo (၁၀၅၀၀) ချပ်အား ဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော I.E.M.S Co.,Ltd နှင့် (၃၁.၅.၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ဇွန်လအတွင်း ကုမ္ပဏီမှ ပစ္စည်းများအား ပေးပို့လျက် ရှိပါသည်။

(င) G-137 Backpack (၂၀၀၀) လုံးအား ဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော Nway Shi Co.,Ltd နှင့် (၁၁.၆.၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(စ) G-142 PRINTING NCDDP STICKERs (3 Lot)အား ဝယ်ယူရန်အတွက် တင်ဒါအောင်မြင်သော Lot(1)and Lot(3) KCS Group Co.,Ltd (၁၂.၆.၂၀၁၉)၊ Lot(2) Eugenia Star Co.,Ltd နှင့် (၁၀.၆.၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၂။ နောက် သုံးလပတ် (ဇူလိုင် - စက်တင်ဘာ ၂၀၁၉)

ဝယ်ယူရေးဌာနသည် ၂၀၁၉-၂၀၂၀ အတွက် လျာထားသော မြို့နယ်သစ် ၁၃ မြို့နယ်အတွက် ရေ့ဆက်လုပ်ဆောင်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များအား ရှာဖွေစုဆောင်းနေပြီဖြစ်ပါသည်။ မည်သည့်မြို့နယ်များတွင် TTA နည်းပညာအကြံပေးများ၏ စာချုပ်အား ဆက်လက်ချုပ်ဆိုမည် နှင့် မည်သည့်မြို့နယ်များတွင် အခြားနည်းလမ်းဖြင့် ရွေးချယ်ရမည်အား ဝယ်ယူရေးဌာနမှ ခွဲခြားရမည်ဖြစ်ပြီး မြို့နယ်များ၏ စာရင်းအား လက်ခံရယူမည်ဖြစ်ပါသည်။

လက်ရှိ **PP9** အား ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အစီရင်ခံသည့်ကာလတွင် အတည်ပြုမည်ဖြစ်ပါသည်။ ပစ္စည်းပို့ဆောင်မှုနှင့် စာချုပ် ၂ ခုလုံးအား လက်မှတ်ရေးထိုးမည်ဖြစ်ပါသည်။ ပစ္စည်းပို့ဆောင်သည့်အရေအတွက်နှင့် ဝန်ထမ်းခန့်အပ်သည် အရေအတွက်များဖြစ်သည်။ ပြည်နယ်/ တိုင်းရုံးရှိ နည်းပညာအကြံပေး ၁၅ဦးအား လုပ်ဆောင်ပြီးပြီ ဖြစ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ အလုပ်လျှောက်လွှာ ၂၅ ခု လက်ခံရရှိခဲ့ပြီး ၂၅ ခုအား ရွေးချယ်ခဲ့ပါသည်။

**၅။ သင်တန်းအခြေအနေ**

၁၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ Finance Refresher သင်တန်း **၁** ခု၊ Video Editing သင်တန်း **၃** ခု နှင့် TOT သင်တန်း ၁ခု စသော သင်တန်းပေါင်း ၅ ခုအား ပြုလုပ်ခဲ့ပါသည်။ ၄င်းသင်တန်းများအား တက်ရောက်သူ ၂၈၃ ဦး **(**ကျေးလက် ၁၄၂ ဦး နှင့် မြို့နယ် အကြံပေး ၉၆ ဦး**)** ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အဆင့်သင်တန်းပေါင်း ၆၀ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၂၂၀၅ ဦး ရှိခဲ့ပါသည်။ မြို့နယ်အဆင့်တွင် သင်တန်းပေါင်း ၁၄ မျိုးရှိပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်သင်တန်းပေါင်း ၁၀၆၁ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၃၈၂၄၂ ဦး ရှိခဲ့ပါသည်။ ကျေးရွာအဆင့်တွင်သင်တန်းပေါင်း ၇ မျိုးရှိပါသည်။
- သင်တန်းပေါင်း ၁၁၂၆ခု ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၄၀၆၈၅ ဦး ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း စုစုပေါင်းကုန်ကျငွေမှာ ၈၄၈၄၀၄၃၀ ကျပ်ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းရသော်၊ ပြည်ထောင်စုအဆင့်တွင် ကုန်ကျသောငွေမှာ ၅၁၉၁၁၇၅ ကျပ်၊ မြို့နယ်အဆင့်တွင် ကုန်ကျသောငွေမှာ ၁၁၇၂၄၆၅၀ ကျပ်၊ ကျေးရွာအဆင့်တွင် ကုန်ကျသောငွေမှာ ၆၇၉၂၄၆၀၅ ကျပ် ဖြစ်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် စီမံကိန်းမြို့နယ် ၄ မြို့နယ်အတွက် သင်တန်း ၃ မျိုးအား ပြုလုပ်ခဲ့ပါသည်။ ၄င်းတို့မှာ **Cycle project Management** သင်တန်း, **Structure** သင်တန်းနှင့် **community Mobilization** သင်တန်းများဖြစ်ပါသည်။ သင်တန်းစုစုပေါင်း ကုန်ကျငွေမှာ ၇၅၃၄၉၆၀နှင့် သင်တန်းပါဝင်သူပေါင်း ၂၀၆ဦး(ကျား-၈၅၊ မ-၁၂၁)ပါဝင်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် (MGRI, Cardno, ASI, VNG)မှ Video Editing သင်တန်း ကုန်ကျငွေ ၂၁၀၀၀၀၀နှင့် သင်တန်းပါဝင်သူပေါင်း ၇၂ဦး(ကျေးလက်-၄၃၊ အကြံပေး-၂၉)ပါဝင်ပါသည်။
- ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့မှ မြို့နယ် ၁၇ မြို့နယ်အား TOF 1 refersher Training (၆)ကြိမ်၊ TOF 2 refersher Training (၃)ကြိမ်၊ TOF 3 Training (၃)ကြိမ်၊ Pre-MSR Meetings (၄)ကြိမ်၊ CF/TF pre-forum (၂)ကြိမ်၊ MSR Meeting (၁)ကြိမ်နှင့် Exchange Visit (၁)ကြိမ် သင်တန်းများတွင် အထောက်အကူပေးရန် သွားရောက်ခဲ့ပါသည်။

- **Comparison of Plan and Output of last quarter**

| Sr. | Plan | Achievement | Remark |
|---|---|---|---|
| 1 | **Training activities** | | |
| | TOT-1 (round 2)- 7 townships | Has plan to be organized in third quarter and it will be combination training. | |
| | TOT-2 (16 townships) | Has plan to be organized in third quarter and it will be combination training. | |
| | TOT-3 (16 townships) | Has plan to be organized in third quarter and it will be combination training. | |
| | TMSR support | Danuphyu, Ingaby, Gwa, Bamauk and Maukmai | Pre and MSR |
| 2 | **Training management and materials development** | | |
| | Revision of TMSR guidelines, social audit guideline and award selection guidelines | reviewed and shared during this quarter | |

| | | | |
|---|---|---|---|
| | Continued coordination and execution of the Training Program and Training Plan, including compiling training materials for all trainings in every NCDDP unit. | Organized as monthly basic. | |
| | Facilitating for 40K/15K capacity building fund for approval | ongoing | |

## Planning for next quarter (Apr-June'19)

| SN | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOT-1 (round 2)- 7 townships | TTA TL, TDRD TL, NPA, 1 other KE | July'19 | combined training |
| 2 | TOT-2 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | Sep'19 | |
| 3 | TOT-3 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | Sep'19 | |
| 4 | TMSR support | | July-Sep'19 | |

## Achievement of 40 K (Summary)

| Name of IP | Name of training and location | M | F | Total | Date | MMK | USD |
|---|---|---|---|---|---|---|---|
| NAG | Project Cycle Management training at Pyawbwe | 40 | 50 | 90 | Mar-May | 2,592,000 | |
| NAG | Project Cycle Management training Yamethin | 22 | 42 | 64 | Mar-May | 1,919,500 | |
| NAG | Steel Structure Training at Myaung | 6 | 14 | 20 | April | 2,060,900 | |
| PKW | Community Mobilization training at Putao | 17 | 15 | 32 | May | 962,560 | |
| MGRI/VNG/ASI/ Cardno | Video Editing training at NPT | 43 | 29 | 72 | May | 2,100,000 | |
| | **Total** | **128** | **150** | **278** | | **9,634,960** | |

**တိုးတက်မှုနှင့် စိန်ခေါ်မှုများ**

- မြို့နယ်များမှ ပြည်ထောင်စုအဆင့်သို့ အစီရင်ခံစာပေးပို့ရန် နောက်ကျခြင်း နှင့် အချက်အလက်များ မစုံလင်ခြင်း။
- မြို့နယ်အဖွဲ့အချင်းချင်း သတင်းအချက်အလက်ကွာဟခြင်း
- မြို့နယ်များနှင့် အဖွဲ့အစည်းများအကြားရှိ သတင်းအချက်လား ကွာဟမှုအား တိုးတက်ကောင်းမွန်အောင် ပြုလုပ်သင့်ပါသည်။ မတူညီသော ဌာနများအကြားတွင် သတင်းအချက်များ မျှဝေလျှင် အဆင်ပြေပါမည်။

**မြို့နယ်များသို့ အကြံပြုချက်**

- မြို့နယ်မှာရှိတဲ့ မြို့နယ်မှူးနှင့် နည်းပညာမှူးများအား TOTsသင်တန်းအစား TOF 1နှင့် TOF2 သင်တန်းများ အဆင့်မြှင့် ပေးစေလိုပါသည်။
- လုပ်ဖော်ကိုင်ဖက်များမှ တိကျမှန်ကန်သော အချက်အလက်များအား ပြည်ထောင်စုအဆင့်သို့ ပေးပို့ရန်
- သင်တန်းများ၏ အမှန်တကယ်ကုန်ကျငွေအချက်အလက်အား ပြည်ထောင်စုအဆင့်သို့ ပေးပို့ပါရန်
- ပြည်ထောင်စုသို့ ပေးပို့သည် အချက်အလက်များမှာ သက်ဆိုင်ရာမြို့နယ်များ၏ ကျေးလက်ဝန်ထမ်း + မြို့နယ်အကြံပေးဝန်ထမ်းများ ၂ဖက်စလုံးမှ သဘောတူထားပြီးသော အချက်အလက်များ ဖြစ်ရန်
- သင်တန်းလုပ်တိုင်း သင်တန်းအချက်အလက်များအား ဖြည့်သွင်းရန်
- ပြည်ထောင်စုအဆင့်မှ ပေးထားသည့် သင်တန်းလမ်းညွှန်အတိုင်း သင်တန်းများအားပေးရန်
- မြို့နယ်အဆင့်ရှိသင်တန်းများအတွက် TOF သင်တန်းပြဋ္ဌာန်းချက်များနှင့် သင်တန်းကြာမြင့်ချိန်အား ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့၏ လမ်းညွှန်မှုအတိုင်း သင်ကြားပို့ချဆောင်ရွက်သင့်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျက်ဖြစ်သော ကျပ် ၄၀၀၀၀ အစီရင်ခံစာအား သင်တန်းအဖွဲ့ရှိ minminzaw1090@gmail.com ထံသို့ လစဉ် ပထမအပါတ်တနင်္လာနေ့တိုင်း ပေးပို့ပါရန်

**၆။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၁၄။ ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် မြို့နယ် သစ်(၁၆)မြို့အနက် စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသော မြို့နယ် (၁၁) မြို့နယ် တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇွန်လအတွင်း သင်တန်းပြန်လည် ပို့ချပြီး ဖြစ်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။

တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပို့ကြပါသည်။ အနည်းငယ်သော ပြည်နယ်တိုင်းရုံးများသည် သုံးလပတ်အတွင် အစီရင်ခံစာ ပေးပို့ရာတွင် နှောင့်နှေး ကြန့်ကြာနေပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

(က) ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများတို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ်/တိုင်းများသို့ ဇူလိုင်လအတွင်း သင်တန်းသွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များသို့လည်း ကွင်းဆင်းဆောင်ရွက်မည် ဖြစ်ပါသည်။

**(ခ)** စီမံကိန်းနောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်ဆင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။

**(ဂ)** M&E/MIS KE Forumများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**(ဃ)** M&E/MIS Refresher Trainingပေးရန် ကျန်နေသော(၄)မြို့နယ်အား စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| **သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု** | **သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ** |
|---|---|
| <u>MIS</u><br><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် မြို့နယ်သစ်(၁၆)မြို့အနက် စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသော မြို့နယ် (၁၁) မြို့နယ် တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇွန်လအတွင်း သင်တန်းပြန်လည် ပို့ချပြီး ဖြစ်ပါသည်။ | <u>MIS</u><br><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများ တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ် သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ် /တိုင်းများသို့ ဇူလိုင် လအတွင်း သင်တန်း သွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်း မြို့နယ်များသို့လည်း ကွင်းဆင်းဆောင်ရွက်မည် ဖြစ်ပါသည်။<br>• စီမံကိန်း နောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စု အဆင့် |

| | |
|---|---|
| | စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့မှ ကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါသည်။<br>• M&E/MIS KE Forumများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။<br>• M&E/MIS Refresher Trainingပေးရန် ကျန်နေသော(၅)မြို့နယ်အားစက်တင်ဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ |
| **GIS**<br>သုံးလပတ်အတွင်းရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး<br>• **MIS**အချိန်နှင့်တပြေးညီအချက်အလက် (**PC 8)** နှင့် **GIS dashboard** အချက် အလက် အကြား ကွာဟချက် များအားလုံး အချိန်နှင့် တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br><br>**အစီရင်ခံခြင်း**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။<br>• မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မီ တင်ပြမှု အားနည်းသည်။ | **GIS**<br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် (**PC 8)** နှင့် **GIS dashboard** အချက် အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

## ၇။ သတင်းပြန်ကြားဆက်သွယ်ရေး

| | Issues and Activities | Comments and Next Steps |
|---|---|---|
| *Activities this quarter (April to June 2019)* | | *Next action plan (July to Sep 2019)* |
| | • Township MSR များတွင် ပါဝင်ဆောင်ရွက်ခြင်း၊<br>• IEC Material များ (စီမံကိန်း ဆိုင်းဘုတ်၊ ကျောပိုးအိတ်၊ စတစ်ကာများ)ဖြန့်ဝေခဲ့သည်။<br>• တီရှပ်၊ ဦးထုပ်နှင့် စာအိတ် ကြော်ငြာ ခေါ်ထားဆဲ ဖြစ်သည်။<br>• Video editing training(ပထမအကြိမ်)ကို မေလ ၆ ရက်နေ့မှ ၁၁ ရက်နေ့အထိ သင်တန်းသား စုစုပေါင်း(၇၂)ဦးအား ပို့ချခဲ့သည်။ (ပြည်နယ်/တိုင်း(၇)ခုမှ မြို့နယ်(၂၅)မြို့နယ်မှ ဝန်ထမ်းများအတွက်)<br>• သတင်းစာမီဒီယာတွင်သတင်းပါရှိမှု အရေအတွက် ကောက်ခံပြီး သတင်းများအား စီမံကိန်း websiteတွင် ဖော်ပြခဲ့သည်။<br>• မြို့နယ်များ၏ Information Campaing ပွဲများကို စိစစ်ပေးခဲ့သည်။<br>• စီမံကိန်းအောင်မြင်မှုဇာတ်လမ်းများ စုဆောင်းခဲ့သည်။<br>• Updated Communications Strategy နှင့် Action Plan ကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည်။<br>• မြို့နယ်(၂၀)မှ စည်းရုံးရေးမှူးများအတွက် အပြန်အလှန် လေ့လာရေး ခရီးစဉ်များကို 11th March 2019 မှ28th June 2019 အထိ စေလွှတ်ခဲ့သည်။<br>• Advocacy Package Development Specialist ငှားရမ်းရန်TOR မူကြမ်းအား Union Procurement teamသို့ ပေးပို့ခဲ့သည်။ | • ကျန်ရှိနေသော township MSR များတွင် ပါဝင်ဆောင်ရွက်ရန်၊<br>• Video Editing Training (ဒုတိယအကြိမ်)ကို ဇူလိုင်လ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ သင်တန်း သားစုစုပေါင်း (၇၁)ဦးအား ပို့ချရန် (ပြည်နယ်/ တိုင်း (၈)ခုမှ မြို့နယ်(၂၆)မြို့နယ်မှ ဝန်ထမ်းများ အတွက်)၊<br>• မြို့နယ် Information Campaign များ ပြုလုပ်မှုကို စိစစ်ရန်၊<br>• စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်း ခရီးစဉ်များ သွားရောက်ရန်၊<br>• စီမံကိန်း သတင်းများကို စီမံကိန်း website နှင့် တို့တွင် ဖော်ပြသွားရန်၊<br>• မြို့နယ်အဆင့် Communications Training များကို Union Communications Teamမှ သွားရောက်ပို့ချရန် (အထူးသဖြင့် မြို့နယ်အသစ် ၁၆ မြို့နယ်အတွက်)<br>• Project IEC material များ ဝယ်ယူရန်။ |

**၈။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

၁၅။ ၂၀၁၉ ခုနှစ် ဒုတိယ သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၃၃၆၅ ခု လက်ခံရရှိပြီး အကြံပြုစာ ၆၁စောင် ( ၂%) သည် **“core grievances”** (စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)) များဖြစ်သည်။ (၃၀-၆-၁၉)ရက်နေ့အထိ ၃၃၅၂ (၉၉.၆ % )ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ (ဇယား- ၈,၉)

၂၀၁၇ခုနှစ် သုံးလပတ်အစီရင်ခံစာများတွင် လစဉ်အလိုက် MIS Data လက်ကျန် ၁၈၀၂ခုအား ဖြေရှင်းပြီး ယခု သုံးလပတ်အတွင်း ထည့်ပေါင်း အစီရင်ခံခြင်း ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၁၉ ခုနှစ် ဇွန်လထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၂၅၀၃၆ စောင်လက်ခံရရှိ ပြီး ၂၅၀၂၃ (၉၉.၉ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၄၉၁(၁၅%)စောင်၊ မြို့နယ်အဆင့်တွင် ၂၆၈၆(၈၀%)စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ၁၁၆(၃%) စောင်နှင့် ပြည်ထောင်စုအဆင့်တွင် ၇၂(၂%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၁၄၇၅(၄၃%)စောင်၊ အမျိုးသမီး များမှ ၉၄၉(၂၈%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၉၄၁(၂၈%) စောင် လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၃၁၁၄(၉၃%)စောင်၊ လူကိုယ်တိုင် ၈၈(၂%)စောင်၊ တယ်လီဖုန်းဖြင့် ၁၀၀(၃%)စောင်၊ ကျေးရွာအစည်းဝေးမှ ၂၀(၁%)စောင်၊ **E-mail**ဖြင့် ၁၄(၀.၄%)စောင်၊ အကြံပြုကိုယ်စားမှတဆင့် ၂၂(၁%)စောင်၊ အခြားဖြင့် ၇(၀.၂%) လက်ခံရရှိ ခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ ၃၃၃၂(၉၉%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာ များဖြစ်သည်။

၁၆။ ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ကျေးဇူးတင်စာများကို (၇)ရက်အတွင်း၊ မသင့်လျော်သော ဝင်ရောက် စွက်ဖက်မှု (လုပ်ပိုင် ခွင့်ကို အလွဲသုံးစားပြုခြင်း)စာများကို (၃၁)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သာမန် မေးမြန်းစုံစမ်းခြင်းစာများကို(၄)ရက်အတွင်း၊ တာဝန်ယူနိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၁၃) အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို(၉)ရက် အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံး လုပ်နည်းများ ချိုးဖောက်ခြင်း များကို **(၈)**ရက် အတွင်း၊ သဘောတူ စာချုပ်ချိုး ဖောက်ခြင်းကို(၁၄)ရက် အတွင်းနှင့် အကြံပြုစာများကို (၉)အတွင်း ပျမ်းမျှဖြေရှင်း အကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံ ရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအားလုံးကို ပျမ်းမျှ(၇)ရက်အတွင်း ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ ပါသည်။

၁၇။ **Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း- ၅၀ စောင်(၄၄စောင် ဖြေရှင်းပြီး၊ ၆ စောင် ဖြေရှင်းဆဲ)၊
- သဘောတူစာချုပ်ချိုးဖောက်ခြင်း- ၄ စောင်(ဖြေရှင်းပြီး)၊
- မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)-၇ စောင် (ဖြေရှင်းပြီး)၊

၁၈။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

- **Union Monitoring Visits;** တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အကြံပြုကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုနှင့် ဝေဖန်အကြံပြုတိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ အကြံပြုတိုင်ကြားစာများနှင့်ပတ်သက်၍ မှန်ကန်တိကျသည့် အချက်အလက်များရရှိရန် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့သည် မြို့နယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးစဉ် (၃)ခု သွားရောက်ခဲ့ပါသည်။
- ယခုသုံးလပတ်အတွင်း ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီး ဝေဖန်အကြံပြုဖြေရှင်းရေးဌာနတွင် တာဝန်ခံ(လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ဒုတိယဦးစီးမှူး(၁)ဦးတို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါသည်။
- Staffing; National GHM Expert သည် ယခုအချိန်အထိ လစ်လပ်လျက်ရှိပါသည်။

## ၉။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ

ကျားမရေးရာနှင့် ပတ်သက်သော အမျိုးသမီးများပူးပေါင်းပါဝင်မှုအခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲစကားဝိုင်းအား ပြည်ထောင်စုအဆင့်မှ ဦးဆောင်ပြီး ပေါင်၊ သာပေါင်း၊ ညောင်ဦး၊ ထီးလင်း မြို့နယ်များရှိ အမျိုးသမီးကွန်ယက်နှင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ Public Dialogue အား စီမံကိန်း မြို့နယ်ပေါ် မူတည်ပြီး Current နှင့် Phase-out Guideline နှစ်မျိုးခွဲခဲ ကျင်းပ ပြုလုပ်ခဲ့ပါ သည်။

Current Guideline ၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပိုမို ပူးပေါင်းပါဝင်ရန်၊ ဒေသတွင်း လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင် ဆောင်ရွက်ရန်နှင့် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း ပိုမိုကောင်းမွန်လာစေသော ပံ့ပိုးပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာနိုင်စေရန် ရည်ရွယ်ပါသည်။

Phase-out Guideline ၏ ရည်ရွယ်ချက်မှာ စီမံကိန်းမှ ထွက်ပေါ်လာသည့် အလေ့အကျင့်ကောင်းများကို ရှေ့ဆက်လုပ်ဆောင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆက်လက် အသုံးချနိုင်စေရန်၊ စီမံကိန်း ကာလတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အောင်မြင်မှု အတွေ့အကြုံများကို ဒေသတွင်းရှိ အဓိက ဆက်နွယ်ပတ်သက်နေသူများ သိရှိလာစေရန် နှင့် ရှေ့ဆက် လုပ်ဆောင်မည့် ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် စီမံကိန်းကော်မတီဝင် အမျိုးသမီးများ ဆက်လက်ပူးပေါင်းပါဝင်နိုင်ရန် ရည်ရွယ်ပါသည်။

စကားဝိုင်းတွင် လာရောက်ဆွေးနွေးသူများမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး၊ CSO များ ဖြစ်ကြပြီး ပြည်ထောင်စုအဆင့်မှ Moderator အဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။

ကျင်းပပြုလုပ်သော မြို့နယ်များအား ကျန်ရှိသော မြို့နယ်များမှ ကျား/မရေးရာ တာဝန်ခံများက မိမိ မြို့နယ်များတွင် ကျင်းပပြုလုပ်ရန်အတွက် လာရောက်လေ့လာကြပြီး တွေ့ရှိချက်များအား ပြန်လည် ဆွေးနွေး နိုင်ခဲ့ပါသည်။

**အခက်အခဲများနှင့်ကန့်သက်ချက်များ**

ပြည်နယ်နှင့် တိုင်းဒေသကြီး မှ ကျား/မရေးရာနှင့် ပက်သက်ပြီး ကွင်းဆင်းနိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ တစ်ချို့သော ကျား/မရေးရာတာဝန်ခံများသည် ကျေးလက်ဦးစီးမှ တာဝန်များကို ထမ်းဆောင်နေရခြင်း ၊ လူအချိန်းအပြောင်းများဖြစ်သောကြောင့် အလုပ်လုပ်ဆောင်မှုတွင် အတားအဆီးများ ကို တွေ့ရှိရပါသည်။

**ပြည်ထောင်စုအဆင့်မှ ကွင်းဆင်းခြင်း**

ပြည်ထောင်စုအဆင့်မှ ကျားမရေးရာတာဝန်ခံများသည် မဘိမ်းမြို့ရှိ ရွာ(၅)ရွာ သွားရောက် ခဲ့ပြီး ကျေးရွာကော်မတီဝင်များ၊ ကျေးရွာလူထုများနှင့် ကျားမရေးရာကဏ္ဍနှင့် ပက်သက်၍ အုပ်စုဖွဲ့ ဆွေးနွေးခြင်း များပြုလုပ်ခဲ့ပြီး CFs/TFs များမှစီမံကိန်း အကောင်အထည်ဖော်စဉ်အတွင်း ရင်ဆိုင်ရသည့် အခက်အခဲ များအား ဆက်လက် ဆွေးနွေးကြပါသည်။

ကွင်းဆင်းတွေ့ရှိချက်များအရ ဝေဖန်အကြံပြုဖြေရှင်းရေး ကော်မတီဝင်အသစ် ဖြစ်သော ကြောင့် မိမိ၏ လုပ်ငန်းတာဝန်များအား မည်သို့ ဆောင်ရွက်ရမည်ကို မသိရှိသေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ လူထုအနေဖြင့် ကြော်ငြာသင်ပုန်းတွင် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ အစည်း အဝေးများ နှင့် ပိုစတာများ ကပ်ထားသော်လည်းစိတ်ပါဝင်စားမှု မရှိကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများ ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ကော်မတီဝင် အသစ်များ ဖြစ်သော ကျေးရွာများတွင် မိမိတို့၏ အလုပ်တာဝန်များကို သေချာ မသိရှိတာကို တွေ့ရပါသည်။ တွေ့ရှိချက်များအား လူထုစည်းရုံးမှုများ ၊ လက်ထောက်နည်းပညာမှူးများ၊ ကျားမရေးရာ တာဝန်ခံများနှင့် ဆွေးနွေးခဲ့ပြီး လိုအပ်သည်များအား ဆက်လက်ဆွေးနွေးခဲ့ပါသည်။

**အထောက်အပံ့များထောက်ပံ့ခြင်း**

**Development of Materials**

Gender Manual ၊ Gender Checklist နှင့် Gender Success Story စာအုပ်အား အချောသတ် ရေးစွဲပြီးဖြစ်ပြီး မြို့နယ်များသို့ မကြာမီ ထုတ်ဝေမည်ဖြစ်ပါသည်။

**မြို့နယ်များမှသင်တန်းများပို့ချခြင်း**

**Training from township:**

အစီရင်ခံသည့်ကာလအတွင်း မြို့နယ်(၄၈) မြို့များတွင် ကော်မတီဝင်များသည် ကျေးရွာ အဆင့် ကျား‌မရေးရာ အသိပညာပေးသင်တန်းအား ကော်မတီဝင်အမျိုးသား (၂၄၂၆၁)ဦး ၊ အမျိုးသမီး (၂၄၃၀၃)ဦး ရရှိခဲ့ပါသည်။

<u>**စောင့်ကြည့်လေ့လာခြင်းနှင့်အချက်အလက်များစုဆောင်းခြင်း**</u>

**Monitoring and data collection**

**စောင့်ကြည့်ခြင်းနှင့်ကောက်ယူခြင်း၏ရလဒ်များ**

အမျိုးသမီး အမျိုးသား လုပ်အားခ တန်းတူရရှိလာခြင်းကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေ လာခြင်း၊ ပေုတောမြို့နယ်တွင် မသန်စွမ်းသူများပါ စီထောက်ဥက္ကဋ္ဌ အဖြစ် ပါဝင်နိုင်ခဲ့ခြင်းကို တွေ့ရှိရ ပါသည်။

လုပ်ငန်းများတွင် အမျိုးသမီးများကိုယ်တိုင် မီးကြိုး၊ မီးသီးနှင့် ကြွေသီးများ တပ်ဆင်ခြင်း၊ လမ်းလုပ် ငန်းများတွင် အမျိုးသမီးများကိုယ်တိုင်မာဆလာဖျော်ခြင်းများ ဆောင်ရွက်တတ် လာခြင်းများကို တွေ့ရှိရ ပါသည်။

စီမံကိန်းတွင်အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်လာသောကြောင့် မိုးကောင်းမြို့နယ်တွင် အမျိုးသမီး ရာအိမ်မှူးများ  ဖြစ်လာခြင်း၊ အမျိုးသားများကလည်း ကျား/မရေးရာ အခန်းကဏ္ဍ များတွင် စိတ်ပါဝင်စားမှု ရှိလာပြီး အိမ်မှုကိစ္စများ ကူညီဆောင်ရွက် တတ်လာခြင်းများကို တွေ့ရပါသည်။

ဘက်စုံသုံးခန်းမဆောက်လုပ်ရာတွင် လှိုင်းဘွဲ့မြို့နယ်တွင် အမျိုးသမီးများ ဦးဆောင်ဦးရွက် ပြုလာနိုင် ကြောင်း တွေ့ရှိရသည်။

တစ်ချို့သောမြို့နယ်များတွင် အမျိုးသမီးများ လုံခြုံစိတ်ချစွာသွားလာနိုင်ရန် အမျိုးသမီး ကော်မတီ ဝင်များမှ ကော်မတီဝင်မဟုတ်သူများကို အဖော်ခေါ်ရာတွင် အသေးသုံး သုံးခွင့်မရှိသောကြောင့်  အမျိုးသမီး ကော်မတီဝင်များ လုံခြုံမှုအတွက် အခက်အခဲရှိကြောင်း တွေ့ရပါသည်။

အခက်အခဲများအနေဖြင့်  ပန်းရံလက်သမားကဲ့သို့သောလုပ်ငန်းများတွင်  အမျိုးသမီးများ  ပါဝင်ရန် ခက်ခဲခြင်း၊  အမျိုးသားများမှ  ကျား/မရေးရာအခန်းကဏ္ဍများအား  သဘောပေါက်လွဲပြီး  တာဝန်များကို ခွဲဝေထမ်းဆောင်ခြင်းမပြုဘဲ အမျိုးသမီးများအပေါ် တာဝန်အားလုံး အပ်နှင်းသဖြင့် အမျိုးသမီးများအပေါ် ဝန်ပိကြောင်း တွေ့ရှိရပါသည်။

CF များ တွေ့ကြုံရသည့်အခက်အခဲများအနေဖြင့် အမျိုးသမီးများသည် ရှေးရိုးစွဲအယူများ ကြောင့် မိမိကိုယ်ကို ယုံကြည်မှု အားနည်းခြင်း၊ မိုင်းခတ်တွင် ကော်မတီဝင်များမှ မြန်မာစာ မရေးနိုင်သောကြောင့် ဖောင်ပုံစံ ဖြည့်သွင်းရာတွင် အခက်အခဲ ရှိခြင်းတွေ့ရပါသည်။

CF များအကြံပြုချက်အရ အမျိုးသမီးများ ဦးဆောင် စကားဝိုင်းပြုလုပ်ပေးသင့်ကြောင်း၊ စီမံကိန်း စက်ဝန်းတွင် ဆောင်ရွက်နေသော လုပ်ငန်းများအား DRD၊TTAမှကွင်းဆင်းစစ်ဆေးသင့်ကြောင်း၊ စွမ်းဆောင်ရည်မြင့်သင်တန်းများ ၊ လက်ကမ်းစာစောင်များ နှင့် ဖောင်ပုံစံများကို တိုင်းရင်းသားဘာသာစကားဖြင့် သင်တန်းများပေးသင့်ကြောင်း အကြံပြုထားသည်ကို တွေ့ရပါသည်။

**နောင်ဆောင်ရွက်မည့်အဆင့်များ**

**မြို့နယ်အဆင့် (**TA/DRD)

အမျိုသမီးကွန်ယက်အဖွဲ့များနှင့် public Dialogue ကျင်းပရန်၊ မြို့နယ်ကျားမရေးရာ အစီရင်ခံစာအား ပြည်နယ်/တိုင်းအဆင့်သို့ ပေးပို့ခြင်း၊ ပြည်ထောင်စုအဆင့်သို့ မိတ္တူပေးခြင်း၊ မြို့နယ်များမှ ကျေးရွာကော်မတီဝင်များသို့ ကျားမရေးရာ သင်တန်းများ ပေးပို့ရန် လိုအပ်ပါ သည်။

**ပြည်နယ်/တိုင်းအဆင့်**

လစဉ်အစီရင်ခံစာအားပြည်ထောင်စုအဆင့်သို့တင်ပြခြင်း၊ လုပ်သားအစီရင်ခံစာများ ပြည်ထောင်စုအဆင့်သို့တင်ပြရန်။

**ပြည်ထောင်စုအဆင့်**

ပြည်ထောင်စုအဆင့် ကျားမရေးရာတာဝန်ခံများအား အမြန်ခန့်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP စာအုပ်အား မြို့နယ်စုစုပေါင်း(၅၄)မြို့နယ်၏ စာအုပ်များကို Website တွင် Upload တင်ရမည်ဖြစ်ပြီး မြို့နယ်အဟောင်း (၃၈)မြို့နယ်မှ မြို့နယ်(၁၁)မြို့နယ်မှာ 100% တင်ထားပြီး ကျန်ရှိသော မြို့နယ်များမှာ upload တင်နေဆဲဖြစ်ပါသည်။ အသစ်(၁၆)မြို့နယ်တွင် 100% တင်ထားပြီးသော မြို့နယ်မှာ(၁၃)မြို့နယ်ဖြစ်ပြီး (၃)မြို့နယ်ကျန်ရှိနေပါသည်။(၃)လအတွင်း VDP Integration Workshop ပြုလုပ်သော မြို့နယ်မှာ မင်းတုန်း၊ သာပေါင်း၊ ဓနုဖြူ၊ ဒီးမော့ဆို၊ ကနီမြို့နယ်တို့ဖြစ်ပါသည်။

**တွေ့ရှိချက် (ဒီးမော့ဆိုမြို့နယ်)**

စီမံကိန်းသည် Phase Out ပြုလုပ်တော့မည်ဖြစ်သည့်အတွက် VDP Workshopကို ထိထိရောက်ရောက်ပြုလုပ်နိုင်ရန် အစည်းအဝေးပြုလုပ်။ အစည်းအဝေးတွင် မြို့နယ်ဦးစီးမှူးမှ ယခင်နှစ်တွင် ပြုလုပ်ခဲ့သော VDP Work Shop မှ ထွက်ရှိလာသော လုပ်ငန်းများကို လွှတ်တော်ရန်ပုံငွေဖြင့်

ဆောင်ရွက်သော လုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ မြို့နယ်ရှိ အခြားသော NGO အဖွဲ့အစည်းများမှလည်း မိမိတို့၏ Data များကို အသုံးပြု၍ ၎င်းတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် CDD ကဲ့သို့ ရန်ပုံငွေ များများမသုံးနိုင်သဖြင့် လုပ်ငန်းအသေးအဖွဲ့မျှသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်ပြုလုပ်ခဲ့သောVDP Work Shop သည်အကျိုးရှိကြောင်း ဆွေးနွေး။ နောက်ဆုံးနှစ် VDP WS ကို ဇူလိုင်လ ၂၃/၂၄ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေး။ အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းအနှစ်ချုပ် ဇယားများအား စစ်ဆေး၍ ဆွေးနွေးပွဲ ပြီးပါက အစည်းအဝေးမှတ်တမ်း ပေးပို့ရမည့် ရက်များအချိန်မှီ ပေးပို့နိုင်ရန် ၊ အစီရင်ခံစာ ပေးပို့ရမည့် ပုံစံများ သက်ဆိုင်ရာ ဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားရမည့်အပိုင်းများကို ထိထိ ရောက်ရောက်ပြုလုပ်နိုင်ရန် မှာကြားခဲ့။

## သုံးသပ်ချက်

VDP Work Shop မှ ထွက်ရှိလာသော လုပ်ငန်းများကို လွှတ်တော်ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ခြင်း၊ NGO ,INGO အဖွဲ့အစည်းများမှ မိမိတို့၏ Dataများကို အသုံးပြု၍ ၎င်းတို့၏ လုပ်ငန်းများကိုအကောင်အထည်ဖော်သည့်အတွက် အကျိုးရှိသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း။

**VDP Workship ပြုလုပ်မည့် မြို့နယ်များ၏ဇယား**

VDP Workshop Tentaive Date (Oct 2018 to Sept 2019 )

| Sr | Month | April | May | June | July | Aug | Sept | Oct |
|---|---|---|---|---|---|---|---|---|
| 1 | Townships | | | | Paletwa | | | |
| 2 | | | | | | | Tanintharyi | |
| 3 | | | | | Myaung | | | |
| 4 | | | | | | | Banmauk | |
| 5 | | | | | | | | |
| 6 | | | | | | Kyangin | | |
| 7 | | | | | | | | |
| 8 | | | | | | | Kawhmu | |
| 9 | | | | | | | Ngazon | |
| 10 | | | | | Nyaung Oo | | | |
| 11 | | | | | | | Monyo | |
| 12 | | | | | | | Kyaukkyi | |
| 13 | | | | | Chaungzon | | | |
| 14 | | | | | | | Bilin | |
| 15 | | | | | | | hpruso | |
| 16 | | | | | | | | |
| 17 | | | | | | | Kyarinseikgyi | |
| 18 | | | | | | | Putao | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 19 | | | | | Shwegu | | | |
| 20 | | | | | | | Thegon | |
| 21 | | | | | | | | |
| 22 | | | | | | | Shwegyin | |
| 23 | | | | | | | Kyunhla | |
| 24 | | | | | | | Ponnagyun | |
| 25 | | | | | | | Mabein | |
| 26 | | | | | | | | |
| 27 | | | | | | | | |
| 28 | | | | | | | Tongzang | |
| | | | | | 5 | 1 | 16 | |

## ၁၁။ သိပညာနှင့် လေ့လာသင်ယူခြင်း

| | **သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု** | **ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ** |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ပဉ္စမနှစ်မြို့နယ် ၆၁ မြို့နယ် အတွက် လူထုစစ်ဆေး ၉၀၅၆ အနက် ၈၆၆၅(၉၅.၆၈%) ပြီးစီးခဲ့ပါသည်။<br>• ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၆၈၁၃ အနက်၄၂၈၆(၆၂.၉၀%) ပြီးစီးခဲ့ပါသည်။ | • ဆဋ္ဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလပတ် အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက်အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ် နိုင်ခဲ့ပါသည်။ အစည်းအဝေး အားလုံးသို့ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရုံးမှ အနည်းဆုံး တာဝန်ရှိသူတစ်ဦးမှ တက်ရောက်နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထုစစ်ဆေးပွဲ ၈၀.၁၀**%** ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပ ပြုလုပ်နိုင်ပါသည်။ | •လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ်အမြောက်အများ၏ **MSR** များကို ကျင်းပပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများပြားလာခြင်းကြောင့် **UMSR** လုပ်ငန်းစဉ်တွင် တက်ရောက်သူများနှင့် အစည်းအဝေး အရေအတွက်များကို ကိုင်တွယ်နိုင်ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။<br>•လာမည့် သုံးလပတ်ကာလအတွင်း **UMSR** မတိုင်မီ (၁) **CF/TF** ဖိုရမ်၊ (၂) ကျွမ်းကျင် ပညာရှင်ဖိုရမ်များကို ဩဂုတ်လအတွင်း ကျင်းပပြုမည် ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | • ပြည်ထောင်စုအဆင့်MSR။ Union QR Meetingအား ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။<br>• စီမံကိန်းမြို့နယ်များသို့ ဇွန်လအတွင်း Union အဖွဲ့နှင့် WB အဖွဲ့တို့သည် စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ ကျေးရွာလူထုနှင့်တွေ့ဆုံ၍ လုပ်ငန်း အခက်အခဲများအား ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။ | •ပြည်ထောင်စုအဆင့်MSRအား သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို စက်တင်ဘာလအတွင်း ကျင်းပမည် ဖြစ်ပါသည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ပဥ္စမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း ( ၁၁၅၇၂ ) ခု အနက် (၁၁၅၁၃) ပြီးမြောက်သည့်အတွက် ၉၉% ပြီးမြောက်ခဲ့ပါသည်။ ဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စုစုပေါင်း (၁၀၂၇၈) ခု အနက် (၈၀၀၆) ပြီးမြောက်သည့်အတွက် ၇၈% ပြီးမြောက်ခဲ့ပါသည်။ | •နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

## ၁၂။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | ဝန်ထမ်း အင်အားစာရင်းအား ဇယား ဖြင့် ဖော်ပြ ထားပါသည်။ (၃)လပတ် အစည်းအဝေး အားပြည်နယ်/ တိုင်း တာဝန်ခံများနှင့် မြို့နယ်မှ တာဝန်ခံများ သုံးသပ် ဆွေးနွေးပွဲကို ဇွန်လတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။ စက်တင်ဘာလတွင် ISM 19 ပြုလုပ်မည် ဖြစ်ပါသည်။ |

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | **ဝန်ထမ်းရေးရာ**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေ အနေမှာ ၃၁/၃/၁၉ထိ အောက်တွင် ဖေါ်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက် ရှိသော မြို့နယ်၂ဝ ခု- ဇယား ၁၂ | **ဝန်ထမ်းရေးရာ**<br>• TTA များနှင့်အတူ မြို့နယ် ၁၆ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေအနေအချို့သော ခွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖေါ် လုပ်ဆောင်ကြရမည်။ |

**၁၃။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၂၈။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၁၁၆၁ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား ၂ဖြင့် ဖော်ပြထားပါသည်။ လူမှုဆိုင်ရာ အကာအကွယ်နှင့် ပတ်သက်၍ အသေးစိတ်အား ဇယား- ၃ ဖြင့် ဖော်ပြထားပါသည်။

၂၉။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ဆဌမနှစ်တွင် မြို့နယ် ၆ မြို့နယ်အနက် (၄)မြို့နယ်မှာ ကျေးရွာ၏အစီစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ဓနုဖြူနှင့် ဒီးမော့ဆို (၂)မြို့နယ်မှ စီမံကိန်းလုပ်ငန်းခွဲ(၃)ခုအား သဘာဝဘေး ထောက်ပံ့ငွေဖြင့် ပြုပြင်ရန် စိစစ် ဆောင်ရွက်လျက် ရှိပါသည်။ ခွဲဝေလျာထားငွေအား အောက်ပါအတိုင်း ဇယားတွင် အသေးစိတ် ကြည့်ရှု နိုင်ပါသည်-

**Supplementary Block Grant for Flood Damage Year 6**

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Danubyu | 19,390,000 | 19,390,000 |
| 2 | Thabaund | - | - |
| 3 | Ngaputaw | - | - |
| 4 | Kyauktan | - | - |
| 5 | Demoso | 35,130,000 | 35,130,000 |
| 6 | Kyaukkyi | - | - |
| | **Total** | | **54,520,000** |

**၁၄။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**

**၃၀။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ**

**ပုဏ္ဏားကျွန်းမြို့နယ်**

TFများ၏ အတွေ့အကြုံအားနည်းမှုကြောင့် အချို့ကျေးရွာများတွင် ဒေသခံ လက်သမား/ ပန်းရံဆရာများအား အကြံဉာဏ်ပေးရခက်ခဲခြင်း။ ဒေသခံလက်သမား/ပန်းရံဆရာများအနေဖြင့် လက်ထောက်နည်းပညာမှူးများ၏ အကြံဉာဏ်ပေးမှုကို လက်ခံရန်အားနည်းခြင်း။ ကျေးရွာ အများစုတွင် ကျွမ်းကျင်လုပ်သားရှားပါးခြင်း။

**ဝွမြို့နယ်**

ပထမနှစ်စက်ဝန်းဖြစ်သည့်အတွက် လက်ထောက်နည်းပညာမှူးများအနေဖြင့် လုပ်ငန်းအတွေ့အကြုံနည်းပါးခြင်း၊ ငယ်ရွယ်ခြင်းတို့ကြောင့် ကျေးရွာကော်မတီ/လူထု၏ ဖိအားပေးမှုများခံရပြီး နည်းပညာထောက်ပံ့ပေးနိုင်မှု နည်းပါးခဲ့ပါသည်။ ပြည်နယ် Infraသည် မြို့နယ်အတွက် အချိန်ပြည့် မရှိနေနိုင်ပဲ အပြောင်းအလဲများ ဖြစ်ခဲ့သဖြင့် လက်ထောက်နည်းပညာမှူးများ ခန့်မှန်းခြေကုန်ကျစရိတ်တွက်ချက်ရာတွင် အထောက်အကူမပြုနိုင်ခဲ့ပါ။

**ပလတ်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ လုပ်သားရရှိမှုခက်ခဲခြင်း၊ လမ်းဖောက်လုပ်ရန် စက်ယန္တရားရရှိမှုခက်ခဲခြင်း။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော နည်းပ ညာအခက်အခဲများမှာ Infrastructure Counterpart မှာ အခြားမြို့နယ်သို့ ပြောင်းရွှေ့သွားပါသဖြင့် ကျေးရွာများတွင် လုပ်ငန်းခွဲများရွေးချယ်သော အစည်းအဝေးများတွင် ဒေသနှင့် ကိုက်ညီပြီးဖြစ်နိုင်ခြေရှိသော Designများ၊ ခန့်မှန်းကုန်ကျစရိတ်များ အချိန်နှင့် တပြေးညီ အကြံပေးချပြရာတွင် ကွင်းဆင်းဝန်ထမ်းများအတွက် အခက်အခဲရှိခဲ့ပါသည်။ မိုးကာလတွင် လမ်းလုပ်ငန်းများသည် အကောင်အထည်ဖော်ရာတွင် အခက်အခဲရှိပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော နည်းပညာအခက်အခဲများမှာ Infrastructure Counterpart မှာ အခြားမြို့နယ်သို့ ပြောင်းရွှေ့သွားပါသဖြင့် ကျေးရွာများတွင် လုပ်ငန်းခွဲများ ရွေးချယ်သော အစည်းအဝေးများတွင် ဒေသနှင့်ကိုက်ညီပြီး ဖြစ်နိုင်

ခြေရှိသော Design များ၊ ခန့်မှန်းကုန်ကျစရိတ်များ အချိန်နှင့်တပြေးညီ အကြံပေးချပြရာတွင် ကွင်းဆင်းဝန်ထမ်းများအတွက် အခက်အခဲရှိခဲ့ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း ကြုံတွေ့ရသော နည်းပညာ အခက်အခဲမှာ လက်ထောက်နည်းပညာမှူးများမှ လုပ်ငန်းအတွေ့အကြုံနည်းပါးသည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြံ့ကြာမှုများ ရှိနေပါသည်။

**မင်းတုန်းမြို့နယ်**

အစီရင်ခံကာလအတွင်း သတင်းအချက်အလက်များ မျှဝေခြင်းအတွက် လှုပ်ရှားမှု အထိမ်းအမှတ်ပွဲများအား ဆောင်ရွက်နိုင်မှု အားနည်း ခဲ့ပါကြောင်း၊ မင်းတုန်းမြို့နယ် အနေဖြင့် စတုတ္ထနှစ် စက်ဝန်းတွင် လုပ်ငန်းခွဲ (၁၈၆)ခု ဆောင်ရွက်နေသည့်အပြင် သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ရသည့် လုပ်ငန်းခွဲ ( ၃၄ ) ခု ၊ ကျေးရွာလူထု လုပ်အားဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်ရသည့် လုပ်ငန်းများကိုပါ ဆောင်ရွက်နေရသည့်အတွက် သတင်းအချက်အလက်များ မျှဝေဆောင်ရွက်ရသည့် လှုပ်ရှားမှုအထိမ်းအမှတ်ပွဲများကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ နောက်ဆုံးနှစ် စက်ဝန်းဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းများ လည်ပတ်ထိန်းသိမ်းရေးအတွက် လွှဲပြောင်းရမည့် အစီအစဉ်များကို အချိန်မီ ကြိုတင်ပြင်ဆင်နိုင်ရန် လမ်းညွှန်မှုများ မရရှိသေးပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ပေါက်မြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် Civil များ ဖြစ်သည့် အတွက် မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်နိုင်မှု အားနည်း ခဲ့ပါကြောင်းတင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Regional Infra များမှလစဉ် ပုံမှန် လာရောက်ကွင်းဆင်းပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ စီမံကိန်းကျေးရွာများရှိ စီမံကိန်း လုပ်ငန်းခွဲများအား ကွင်းဆင်းစစ်ဆေး ခြင်း၊ ကျေးရွာလူထု/ကော်မတီများနှင့်တွေ့ ဆုံဆွေးနွေးခြင်း၊ အကြံညဏ်များ ပေးခြင်း၊ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာကိစ္စများ ညှိနှိုင်း ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် နည်းပညာပိုင်းဆိုင်ရာများတွင် အခက်အခဲမရှိဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

စီမံကိန်းလုပ်ငန်းများဖြစ်သော RC တံတား နှင့် ကြိုးတံတား များအတွက် ကျွမ်းကျင်လုပ်သား ရှားပါးကြောင်း တင်ပြအပ်ပါသည်။

**ကြံခင်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဆောင်ရွက်ရသော လုပ်ငန်းများတွင် မီးရရှိရေးလုပ်ငန်းများ များစွာပါဝင်ခြင်း၊ ၄၀၀ ဗို့အားလိုင်းဖြင့် ချိတ်ဆက်ရသော လုပ်ငန်းများ ပါဝင်သော ကြောင့် EPC ၏ စီမံချက်အတိုင်း ပြုလုပ်ရသောကြောင့် တစ်ချို့ကျေးရွာ များမှာ မီးကြိုး တပ်ဆင်၍ မရသေးသဖြင့် လုပ်ငန်းခွဲပြီးစီးမှုများ နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်ရပါ သည်။ကျေးရွာအုပ်စုများမှ စီမံကိန်း လုပ်ငန်းခွဲ ညှိနှိုင်းခြင်းအစည်းအဝေးများမှာ အကြိမ် ကြိမ် ပြုလုပ်ရသောကြောင့် TPIC သို့ တင်ပြ ရာတွင် နှောင့်နှေးခြင်း။

**သာပေါင်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဆောင်ရွက်ရသော လုပ်ငန်းများတွင် မီးရရှိရေးလုပ်ငန်းများ များစွာပါဝင်ခြင်း၊ ၄၀၀ ဗို့အားလိုင်းဖြင့် ချိတ်ဆက်ရသော လုပ်ငန်းများ ပါဝင်သော ကြောင့် EPC ၏ စီမံချက်အတိုင်း ပြုလုပ်ရသောကြောင့် တစ်ချို့ကျေးရွာ များမှာ မီးကြိုး တပ်ဆင်၍ မရသေးသဖြင့် လုပ်ငန်းခွဲပြီးစီးမှုများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရပါသည်။ ကျေးရွာအုပ်စုများမှ စီမံကိန်း လုပ်ငန်းခွဲ ညှိနှိုင်းခြင်းအစည်းအဝေးများမှာ အကြိမ် ကြိမ် ပြုလုပ်ရသောကြောင့် TPIC သို့ တင်ပြ ရာတွင် နှောင့်နှေးခြင်း။

**ဓနုဖြူမြို့နယ်**

စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ဒေသအတွင်း သဲ၊ ကျောက် ဝယ်ယူရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ဒေသအတွင်း သုံးစွဲနေသော သဲ၊ ကျောက်များ၏ ကျင်းတွက်ပုံ တွက်နည်းများနှင့် အင်ဂျင်နီယာစံနှုန်းများမှ သတ်မှတ်ထားသော စံနှုန်းနှင့်မတူညီသည့်အတွက် ကျေးရွာကော်မတီဝင်များ နှင့် သက်ဆိုင်ရာကျေးရွာအဆိုင်း လက်ထောက်နည်းပညာမှူးများမှ အမှန်ကုန်ကျငွေ တွက်ချက်ရာတွင် စာရင်းကွာပါသည်။

**ငါန်းဇွန်မြို့နယ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးတို့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ဆုံဆွေးနွေး ခြင်းများ ပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။ စီမံကိန်းဆောင်ရွက်ရာတွင် အခက်

အခဲဖြစ်ပေါ်ပါက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး စီမံကိန်းရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

**ကျောက်တန်းမြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် မြို့ပြအင်ဂျင်နီယာများဖြစ်သည့်အတွက် ဓါတ်အားလိုင်း တိုးချဲ့ခြင်းလုပ်ငန်းပါဝင်သည့်အတွက် မြို့နယ်လျှပ်စစ်ရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရပါသည်။ ကျန်စီမံကိန်းလုပ်ငန်းခွဲများသည် နည်းပညာအရအခက်အခဲမရှိ ဆောင်ရွက်နိုင်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်သည် လုပ်ငန်းများအကောင်အထည်ဖော်ချိန်တွင် စတင်ရရှိသောကြောင့် ကျေးရွာများသို့ လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြီးကြပ်ရန် အချိန်ပေးနိုင်မှု အခက်အခဲရှိပါသည်။ စီမံကိန်းလုပ်ငန်းခွဲများတွင် Steel Structure ဒီဇိုင်းများ ပါဝင်လာပါက လက်ထောက်နည်းပညာမှူးများအနေဖြင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ရာတွင် နည်းပညာအခက် အခဲရှိပါသဖြင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများပေးနိုင်လျှင် ပိုမိုကောင်းပါမည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

Steel Structure ဖြင့်တည်ဆောက်ရသည့် လုပ်ငန်းများတွင် နည်းပညာပိုင်း၌ အနည်းငယ်အခက်အခဲရှိခဲ့ပါသည်။ steel structure ဖြင့် ဆောင်ရွက်ရသော ခန်းမလုပ်ငန်းများ သောကြောင့် မူလခန့်မှန်းထားသည့်အချိန်ထက် နောက်ကျမှုများ ကြုံတွေ့ရပါသည်။ စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ရာတွင် လမ်းကြိတ်စက် ငှားရမ်းရာတွင် အနည်းငယ်အခက်အခဲရှိခဲ့ပါသည်။ ကျွမ်းကျင်းလုပ်သားများ ရှားပါးခြင်းကြောင့် အချို့နေရာများတွင် နည်းပညာအပိုင်းအား လုပ်သားများသို့ ပိုမိုရှင်းလင်းပြသဆောင်ရွက်ခဲ့ရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

စီမံကိန်းဝန်ထမ်းများမှကျေးရွာများသို့ သင်တန်းများပေးပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှ ထပ်မံညွှန်ကြားသည့်စာရင်းဇယားပုံစံအသစ်များနှင့် နည်းပညာပိုင်းဆိုင်ရာ ညွှန်ကြားမှုများအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်မှုများရှိခဲ့သဖြင့် အနည်းငယ် အခက်အခဲ ရှိခဲ့ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

နည်းပညာအခက်အခဲကြောင့် အင်ဂျင်ပါဝါဖြင့်ပြုလုပ်သော မြစ်ရေတင်လုပ်ငန်း တစ်ခုမှာ ယခုထိရေမတင်နိုင်သေးဘဲရှိနေပါသည်။ စက်အင်ဂျင်ဖြင့်ရေတင်သော လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံရှိသူ(၂)ဦးမှ ကြိုးစားဆောင်ရွက်ပေးသော်လည်း မရရှိသေးပါ။ လက်ရှိအချိန်တွင် ပြည်နယ်အင်ဂျင်နီယာနှင့် ချိတ်ဆက်၍ ရေပေးရေးလုပ်ငန်း ကျွမ်းကျင်သူ များနှင့် ချိတ်ဆက်ကာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျှက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

ကျေးရွာလူထုမှ ဆောင်ရွက်သောလုပ်ငန်းအချို့သည် အရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်များရှိခဲ့သဖြင့် ကျွမ်းကျင်လုပ်သားများခေါ်ယူပြီး ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရပါသည်။ ဘောလခဲ၊ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်ရှိ နည်းပညာစည်းရုံးရေးမှူးများအနေဖြင့် မကြာခဏ အပြောင်းအလဲရှိခြင်းနှင့် လုပ်ငန်းအတွေ့အကြုံနည်းခြင်းတို့ကြောင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခက်အခဲများ ကြုံတွေ့ရပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ဘဏ္ဍာရေးအနေဖြင့် ကျေးရွာဖိုင်များစစ်ဆေးရာတွင် အချို့မှာသီးခြားခေါင်းစဉ် အလိုက်ပြေစာများကိုမထားရှိဘဲ အားလုံးရောပြီးဘ(၅)ချုပ်ခြင်းကြောင့် ပြန့်ကျဲကာ စစ်ဆေး ခဲ့ရသော အခက်အခဲရှိပါသည်။

မိုးရာသီကျရောက်ပြီဖြစ်၍ မြစ်ချောင်းများတွင် ရေရှိနေသေး၍ လုပ်ငန်းခွဲမဆောင်ရွက်နိုင်သည့် အခက်အခဲရှိနေပါသည်။ စိုက်ပျိုးရာသီဖြစ်၍ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြန့်ကြာမှုများ ရှိနေပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ကိုမောင်နှင့် မြလေးကျေးရွာအုပ်စုများတွင် ပြည်နယ်လွှတ်တော်ဥက္ကဌ၏ လမ်းညွှန်မှုအသစ်(အကျုံးမဝင်သောလုပ်ငန်းခွဲ/PC3တွင် မပါရှိသောလုပ်ငန်း)လုပ်ဆောင်ရန် ဖိအားပေးညွှန်ကြားလာပါသဖြင့် ထိုအုပ်စုနှစ်ခုအား ခေတ္တရပ်ဆိုင်းထားရခြင်း။ (မြို့နယ်ဦးစီးမှူးမှ အသေးစိတ်အစီရင်ခံစာအား ရုံးချုပ်သို့ ပေးပို့ထားပါသည်။)

**ကော့ကရိတ်မြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် အဆောက်အဦးနှင့် သက်ဆိုင်ရာနည်းပညာပိုင်းတွင် သာအားသာချက်ရှိပြီး၊ ရေရရှိရေး အတွက် စိမ့်စမ်းရေသွယ်ခြင်း၊ အဝီစိတွင်းတူးခြင်းလုပ် ငန်းများတွင် အားနည်းချက်များရှိပါသည်။

**မတူပီမြို့နယ်**

ရေအားလျှပ်စစ်မီးလင်းရေး၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဒီဇိုင်း၊ တွက်ချက်မှုများတွက်ချက် ရေးနှင့်လုပ်ငန်း ကြီးကြပ်ရေး လုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများမရှိသ ဖြင့် အခက်အခဲများတွေ့ရသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစအတွေ့အကြုံနည်းပါးသေး သဖြင့် နည်းပညာထောက်ပံ့မှုသင်တန်းများလိုအပ်ပါသည်။(ဥပမာ – Auto card training, Water , Electricity, Structure training) TDRD (Infra) ဝန်ထမ်းသည် ဖလမ်းခရိုင်ကျေးလက်ရုံးသို့ ပြောင်းရွှေ့သွားသည့် အတွက် မြို့နယ်တွင် (TDRD (Infra) ဝန်ထမ်း လစ်လပ်မှု ရှိနေပါသည်။ ကျေးရွာများနှင့် တွန်းဇံမြို့နယ်အတွင်း ပန်းရံကျွမ်းကျင်၊ လက်သမားကျွမ်းကျင် ရှားပါးမှုများကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးမှုများရှိပါသည်။

မိုးတွင်းကာလတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နေရသည့်အတွက် ပစ္စည်းများသယ်ယူရာတွင် ခက်ခဲ၍ လုပ်ငန်းများ ကုန်ကျစရိတ် ပိုမိုမြင့်တက်ပါသည်။ တချို့သော စီမံကိန်းလုပ်ငန်းများသည် မိုးတွင်းကာလအတွင်း ကျရောက်နေခြင်းကြောင့် လုပ်ငန်းအရည်အသွေး ပြည့်မှီရန်အတွက် ပွင့်လင်းရာသီမှ စတင်အကောင်အထည်ဖော်မည် ဖြစ်သည်။ (မြေသားလမ်း၊ ပစ္စည်းသယ်ယူရန်ခက်ခဲ့သည့်ကျေးရွာ)

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများအား တိုင်းအင်ဂျင်နီယာမှ ပုံမှန်ချိတ်ဆက်၍ လိုအပ်သော နည်းပညာများ ကူညီဆောင်ရွက်ပေးစေလိုပါသည်။ ဒုတိယနှစ် စက်ဝန်းတွင် အဆောက်အအုံကဏ္ဍ (Infrastructure) များ ပိုမိုပါဝင်လာပြီး နည်းပညာပိုင်းဆိုင်ရာအနေဖြင့် Steel Structure Training နှင့် Reinforced Concrete Training ရရှိရန် လိုအပ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီ (VNG International) သို့ တင်ပြထားပါသည်။ ToT သင်တန်းအား သဲကုန်းမြို့နယ်မှ TTA/DRD Counterpart များတယောက်မျှ တက်ရောက်ခဲ့ရခြင်းမရှိပါ။

**မိုးကောင်းမြို့နယ်**

ကန်ထရိုက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင် ကန်ထရိုက်တာများသည် TF များမှ ရေးဆွဲထားသောဒီဇိုင်းများအတိုင်း မဆောင်ရွက်ချင်ကြပဲ လွယ်ကူသောဒီဇိုင်း များကိုသာ ဆောင်ရွက်ချင်သဖြင့် TF များမှနားလည်အောင်ရှင်းပြရသည်။

**ရွှေကူမြို့**

ကျေးရွာအချို့မှ ဆောင်ရွက်လိုသော စီမံကိန်းလုပ်ငန်းခွဲများအား မြို့နယ်အဆင့်မှ ဆုံးဖြတ်ဆောင်ရွက်ရန်နည်းပညာအခက်အခဲများ ကြုံတွေ့ရပါသည်။

**မောက်မယ်မြို့နယ်**

နည်းပညာပိုင်တွင်း အင်ဂျင်နီယာ နည်းပညာပိုင်းများအတွက် ပိုမိုစွမ်းရည်မြင့်စေမည့်သင်တန်း များပေးစေလိုပါသည်။ စည်းရုံးရေးမှူးများအတွက် လည်းသင်တန်းများ လိုအပ်ပါသည်။

**မဘိမ်းမြို့နယ်**

မြို့နယ်တွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား ရှားပါခြင်း။ စီမံကိန်း ခန့်မှန်းတွက်ချက်ထားမှုများနှင့် ရာသီဥတုအခြေအနေကြောင့် ပစ္စည်းဈေးနှုန်းများနှင့် သယ်ယူစရိတ် ပြောင်းလဲသွားခြင်း။

**မိုင်းခတ်မြို့နယ်**

ကျွမ်းကျင်လုပ်သားရှားပါးခြင်းများကို ကြုံတွေ့ရပါသည်။

**ချောင်းဆုံမြို့နယ်**

မုဒ္ဒန်းကျေးရွာနှင့် ကညော့်ကျေးရွာ ဈေးတည်ဆောက်လုပ်ငန်းအတွက် ပြည်နယ် Infra နှင့် လုပ်ထုံးလုပ်နည်းအတိုင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဘီးလင်းမြို့နယ်**

လျှပ်စစ်မီးလင်းရေးနှင့်ပက်သက်၍ဘီးလင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျွမ်းကျင်ဝန်ထမ်းမရှိ၍ လုပ်ငန်းစီစစ်ရာတွင် Contractor များဆောင်ရွက်သော လုပ်ငန်းများအား အရည်အသွေးများအား စီစစ်ကြီးကြပ်ရန် အခက်အခဲအနည်းငယ် ရှိပါသည်။ အချို့သော စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ရာတွင် မိုးတွင်းကာလသို့ ရောက်ရှိသွားသည့်အတွက် စီမံကိန်းလုပ်ငန်းများ အပြီးသတ်လုပ်ဆောင်ရန် အချိန်ပိုမိုကြန့်ကြာ နေပါသည်။ ထို့အပြင် ယခု အစီရင်ခံသည့်ကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စီမံကိန်းလုပ်ငန်းခွဲ (၃)ခုမှာ ရေတိုက်စားမှုများနှင့် ကြုံတွေ့ခဲ့ရပါသည်။ ပျက်စီးမှု အသေးစိတ်အား နေပြည်တော်လူထုဗဟိုပြု စီမံကိန်းသို့ထပ်မံ တင်ပြသွားမည် ဖြစ်ပါသည်။

## (ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ

### ပုဏ္ဏားကျွန်းမြို့နယ်

ဆောက်လုပ်ရေးပစ္စည်းများဖြစ်သော ဘိလပ်မြေနှင့်ကျောက်စရစ် ဝယ်ယူရခက်ခဲ ပါသည်။ ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ဈေးကွက်အတွင်းသို့ရောက်ရှိလာသော ဘိလပ်မြေကို ဝယ်ယူသုံးစွဲ ရသည်ဖြစ်ရာ တည်ဆောက်ရေးကာလအတွင်း ပစ္စည်းအဝင်နည်းပြီး ဝယ်လိုအား များပြားသည်နှင့် ကြုံခဲ့ရသဖြင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ရပါသည်။

ကျောက်စရစ်ထွက်ရှိရာဒေသတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် မထုတ်ယူနိုင်ခြင်းကြောင့် ဝယ်ယူရခက်ခဲသဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရန်နှောင့်နှေးခြင်း။ ကျေးရွာအားလုံးနီးပါးတွင် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ဆောင် ခြင်းကြောင့်ကွန်ကရစ်ဖျော်စက် (Mixer Pot)ငှားရမ်းရခက်ခဲခြင်း။ ဆောက်လုပ်ရေးပစ္စည်းများ၏ဈေးနှုန်းအပြောင်းအလဲများခြင်း။

### ဝမြို့နယ်

စီမံကိန်းလုပ်ငန်းခွဲများ တပြိုင်နက် စတင်ခဲ့သောကြောင့် လုပ်ငန်းသုံးပစ္စည်းများ ဈေးတက်ခြင်း၊ လိုအပ်သော လုပ်ငန်းအထောက်အကူပြု စက်ကရိယာများ ရှားပါးခြင်းများ ကြုံတွေ့ခဲ့ရပြီး တရွာပြီးမှတရွာ အလုပ်လုပ်ရသဖြင့် စီမံကိန်းလုပ်ငန်းခွဲ များ သတ်မှတ်ချိန်တွင် မပြီးစီးနိုင်ခဲ့ပါ။

### ပလက်ဝမြို့နယ်

လိုအပ်သောလုပ်ငန်းသုံးပစ္စည်း(13.5 PVC Pipe) ကို မြို့နယ်အတွင်း အလွယ်တကူ ဝယ်မရနိုင်ခြင်း၊ ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စရိတ်ကြီးမားခြင်း၊ သယ်ယူရာတွင်ခက်ခဲခြင်း။

### ဗန်းမောက်မြို့နယ်

ဗန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသောပစ္စည်း များတွင် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများ သည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ်ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

### ကနီမြို့နယ်

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း ပစ္စည်းများ အခက်အခဲတွင် စီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ်များ ပြုပြင်ဆောင်ရွက်ရန်လိုအပ်ခြင်း (အစီး ၂၁ စီး) နှင့် စီမံကိန်းလုပ်ငန်းများ စတင်ချိန်တွင် ကွင်းဆင်းဝန်ထမ်းများနှင့် မော်တော်ဆိုင်ကယ် လိုအပ်ချက် အနည်းငယ် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

**မင်းတုန်းမြို့နယ်**

စီမံကိန်း နောက်ဆုံးနှစ် ဖြစ်သည့်အတွက် လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများပြား ခြင်းနှင့် မကြာခဏပြုပြင်နေရခြင်း များရှိနေပါကြောင်း၊ ဘက်ထရီအားမနေသည့် Tablet ( ၂ ) လုံး ရှိနေပါကြောင်း အစီရင်ခံတင်ပြ အပ်ပါ သည်။

**ပေါက်မြို့နယ်**

တတိယနှစ်စီမံကိန်းစက်ဝန်းသို့ ရောက်ရှိလာချိန်တွင် မိတ္တူကူး စက်သည်လည်း ချို့ယွင်းလာခဲ့ပါသည်။ ပေါက်မြို့နယ်တွင် အပိုပစ္စည်းမရရှိ ခြင်း၊ ကျွမ်းကျင်သည့် Service ပေးနိုင်သူ မရှိခြင်းတို့ကြောင့် အခက်အခဲဖြစ်စေပါကြောင်း၊ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်သည့် ချိန်တွင် လုပ်ငန်းသုံး စက်ယန္တရား (လမ်းကြိတ်စက်) ရရှိရန် ခက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

တတိယနှစ်စီမံကိန်းစက်ဝန်းသို့ ရောက်ရှိလာချိန်တွင် မိတ္တူ ကူးစက်သည်လည်း ချို့ယွင်းလာခဲ့ပါကြောင်း၊ ပစ္စည်းများနှင့်ပတ်သက် ၍ အခက်အခဲမရှိပါ ကြောင်းတင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

Honda (125) အတွက် အပိုပစ္စည်းများရှားပါးပါကြောင်း၊ Honda (125) ပျက်လျှင် ဆောမြို့နယ်၌ ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ Cannon (214) Printer အတွက် Cartage အပိုပစ္စည်းဝယ်ယူ၍ ခက်ခဲပါ ကြောင်း၊ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်သည့်ချိန်တွင် လုပ်ငန်းသုံး စက်ယန္တရား (လမ်းကြိတ်စက်) ရရှိရန် ခက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ကြံခင်းမြို့နယ်**

စီမံကိန်းလုပ်ငန်းများ တပြိုင်တည်း အကောင်အထည်ဖော်သောကြောင့် အချို့ပစ္စည်းများ ပြတ်လပ်သွားသဖြင့် လုပ်ငန်းများနှောင့်နှေးခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

**သာပေါင်းမြို့နယ်**

ဆိုင်ကယ်အပို ပစ္စည်းများ ဝယ်ယူရန် အခက်အခဲများရှိနေပါသည်။ ထိုကြောင့် အချို့ဆိုင်ကယ် များသည် ပြုပြင်ရန်အတွက် အခက်အခဲများစွာ ရှိနေပါသည်။ Tablet ပြင်ဆင်ရန် အတွက် Union အဆင့်သို့ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့် ဆောင်ရွက်နေပြီးဖြစ်ပါသည်။ မီးစက်သည် ပုသိမ်မြို့တွင် ပြုပြင်ရန်အတွက် အခက်အခဲရှိနေပြီး ယခုအချိန်တွင် မီးစက်ပျက်နေပါ သဖြင့် အခက်အခဲများစွာရှိနေပါသည်။

**ခေါ့မြို့နယ်**

စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ဒေသအတွင်း သဲ၊ ကျောက် ဝယ်ယူရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ဒေသအတွင်း သုံးစွဲနေသော သဲ၊ ကျောက်များ၏ ကျင်းတွက်ပုံ တွက်နည်းများနှင့် အင်ဂျင်နီယာစံနှုန်းများမှ သတ်မှတ်ထားသော စံနှုန်းနှင့်မတူညီသည့်အတွက် ကျေးရွာကော်မတီဝင်များ နှင့် သက်ဆိုင်ရာကျေးရွာအဆိုင်း လက်ထောက်နည်းပညာမှူးများမှ အမှန်ကုန်ကျငွေ တွက်ချက်ရာတွင် စာရင်းကွာပါသည်။

**အင်္ဂပူမြို့နယ်**

ဆိုင်ကယ်ပျက်စီးမှုများတွင် လိုအပ်သည့်ပစ္စည်းများအား အချိန်မီမရရှိသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။

**ငါန်းဇွန်မြို့နယ်**

မိတ္တူစက်နှင့် Printer စက်များအတွက် Cartridge များဝယ်ယူရာတွင် ငါန်းဇွန်မြို့နယ် တွင်ဝယ်ယူရန်မရ၍ မန္တလေးမြို့သို့သွားရောက်ဝယ်ယူရပါသည်။

**ညောင်ဦးမြို့နယ်**

TVS Neo (110) ဆိုင်ကယ်များပြန်လည်ပြင်ဆင်ရန် လိုအပ်လျက်ရှိပါသည်။Sharp Copier စက်လည်း ပြန်လည်ပြင်ဆင်ရန် လိုအပ်လျက်ရှိပါသည်။ Color printer (  Canon ix 6870 ) သည်ဆေးဝယ်ရန်ခက်ခဲခြင်း၊ ဝယ်ယူ၍ရသော်လည်း ဈေးကြီးခြင်းကြောင့် အသုံးပြုခြင်းမရှိပါ။ Tablet(၁၄)လုံး ပျက်စီးမှုများကိုလည်း ဝယ်ယူရေးဌာနစိတ်(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါသည်။

**ရမည်းသင်းမြို့နယ်**

ရမည်းသင်းမြို့နယ်တွင် လမ်းလုပ်ငန်းခွဲ များပြားကာ လုပ်ငန်းအားလုံး တပြိုင်နက်ထဲ ဆောင်ရွက်သဖြင့် အချို့ကျေးရွာများတွင် လမ်းကြိတ်စက် ငှားရမ်းမှု အခက်အခဲရှိပါသည်။ လူထု စစ်ဆေးပွဲ ဆောင်ရွက်ရာတွင် စိုက်ပျိုးရာသီဖြစ်နေခြင်းနှင့် အိမ်ခြေများသော ကျေးရွာများတွင် လူဦးရေ ၅၀ % ပြည့်မီရန် အကြိမ်ကြိမ်ခေါ်ရခြင်းများ ရှိပါသည်။

**ပျော်ဘွယ်မြို့နယ်**

ကျေးရွာလမ်းများဆောင်ရွက်ရာတွင် CBR ရိုက်ပြီးလုပ်ငန်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် လုပ်ငန်းသုံးပစ္စည်း CBR စက်မရှိ၍ အခက်အခဲရှိပါသည်။  Computer ( Laptops and Desktops) စီမံကိန်းမှပံ့ပိုးပေးထားသော Lenovo Laptop ကွန်ပျူတာ (၂) လုံးမှာ licence version software

update ပြုလုပ်ပေးရန် လိုအပ် နေပါသည်။ စီမံကိန်းမှပံ့ပိုးပေးထားသော Motorcycles TVS အနိမ့်ဘီးများမှ နံပါတ်ပြား များမှာ အင်္ဂလိပ်အက္ခရာနံပါတ်ပြားများဖြင့်ပြောင်းလဲတပ်ဆင်အသုံးပြုပြီး ဖြစ်ပါ သည်။ သို့သော်လည်း အမြင့်ဘီး DTများမှာ နံပါတ်ပြားများမရရှိသေးပါ။

**နွားထိုးကြီးမြို့နယ်**

စီမံကိန်း Logo ကြေပြားများ ရရှိရန် လိုအပ်ပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်အနေဖြင့် စီမံကိန်းမှထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများ သုံးစွဲရာတွင် ယခုအခါစားပွဲအံဆွဲအချို့အပိတ်အဖွင့်မရခြင်း၊ သော့များပျက်စီးနေခြင်း၊ ဆိုင်ကယ် အပိုပစ္စည်းများ အလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန်ခက်ခဲမှုများ ရှိခြင်း၊ မိတ္တူကူးစက် များ ပြင်ဆင်ရန် service ခေါ်ရန်ခက်ခဲမှုများရှိခြင်းတို့ တွေ့ကြုံနေရပါသည်။

**ကျောက်တန်းမြို့နယ်**

နေပြည်တော်သို့ ပေးပို့ထားသောTablet(၆)လုံးအား အမြန်ဆုံးပြင်ဆင်၍ ပြန်လည်း ပေးပို့ စေချင်ပါသည်။ ဆိုင်ကယ်ပြင်ဆင်စရိတ်များကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးစေ ချင်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

Tablet (၆) လုံး ပျက်စီးပျောက်ဆုံးနေပါသဖြင့် ပျက်စီးနေသော (၅) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ပါက ပိုကောင်းပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာဖြစ်ပါသည်။ စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် အနည်းဆုံး တစ်လုံးခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement Sector များအတွက်)

**လှိုင်ကော်+ရှားတောမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး**

သစ်များရှားပါးခြင်း၊ သဲ၊ကျောက်များရှားပါးခြင်း၊ ဘိလပ်မြေများနှင့် အခြားပစ္စည်းများ သယ်ယူစရိတ်မြင့်တက်မှုများကြုံတွေ့ရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

လမ်း၊ အဆောက်အဦ လုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းကြိတ်စက် အခက်အခဲ၊ သစ်ရှားပါးမှုနှင့် ဘိလပ်မြေပြတ်လပ်မှုများရှိခဲ့သဖြင့် လုပ်ငန်းများ အနည်းငယ်ကြန့်ကြာခဲ့ပါ သည်။ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်းကျေးရွာမှ ပစ္စည်း၊ လုပ်အား ထည့်ဝင်လှူဒါန်းမှုများ ရှိခဲ့၍ မူလလုပ်ငန်းအပြင် Extention လုပ်ငန်း များထပ်တိုးဆောင်ရွက်ရသဖြင့် RE များ ပြန်လည်ရေးဆွဲရမှုများရှိသဖြင့် လုပ်ငန်း များအနည်းငယ်ကြန့်ကြာခဲ့ရပါသည်။

မော်တော်ဆိုင်ကယ်များ စီမံကိန်း(၄)နှစ်စက်ဝန်းသို့ ရောက်ရှိနေပြီဖြစ်၍ ကြံ့ခိုင်မှု အားနည်းလာပြီး လိုအပ်သည့်အပိုပစ္စည်းများမှာယူရန် အခက်အခဲများ ရှိနေပါသည်။ အသေးစား ပြင်ဆင်ထိန်းသိမ်းမှုများသာ ဆောင်ရွက်လျှက်ရှိပါသည်။

**ဖရူဆိုမြို့နယ်**

မိတ္တူစက်(၁)လုံးမှာ (၃)လကြာပျက်စီးနေပြီးပြန်လည်ပြုပြင်ရန် လိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး အတွက် DT ဆိုင်ကယ် (၁၀)စီးရရှိပြီး(၂)စီးမှာ ပျက်နေပါသဖြင့် ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်သော အပိုပစ္စည်းများ မရှိသည့်အခက်အခဲများ ရှိနေပါသည်။

**ကြာအင်းစိပ်ကြီးမြို့နယ်**

ပထမနှစ်၊ဒုတိယနှစ် Data များရှိသော Lep Top တစ်လုံးမှာ ဖွင့်မရသောကြောင့် Data များ ရှာဖွေရာတွင် အခက်အခဲရှိနေပါသည်။ မိတ္တူကူးစက်မှာလည်း မေလနှင့် ဇွန်လတွင် အသုံးများကာ မကြာခဏပျက်နေခဲ့ပါသည်။ သို့သော် အချိန်မှီ ပြင်ဆင်ကာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ဆိုင်ကယ်ချိန်းပတ်ကြိုး(တောင်တက်လျှင်သုံးသော တာယာတွင် ပတ်ရသောကြိုး) ဝယ်ယူ၍ မရသောကြောင့် ဝေးလန်သောတောင်ပေါ်ခရီးများအတွက် အခက်အခဲ ဖြစ်နေပါသည်။

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းမှထောက်ပံ့ပေးထားသော မော်တော်ဆိုင်ကယ်များသည် ဒေသတွင်း အများသုံး နေသော မော်တော်ဆိုင်ကယ်နှင့် တူညီမှုမရှိသဖြင့် စက်ပြင်ဆရာများ၏ ကျွမ်းကျင်မှု အားနည်း

သောကြောင့် ပြင်သည့်အခါ အခက်အခဲရှိပါသည်။ ဆိုင်ကယ်နှင့်ပတ်သက်သော အပိုပစ္စည်းရှားပါးသည့် အခက်အခဲများလည်းရှိပါသည်။

ထောက်ပံ့ပေးထားသော စားပွဲများသည် ကြိတ်သားနှင့်ဖြစ်သောကြောင့် အံဆွဲထဲတွင် အရေးကြီးသော စာရွက်၊ စာတမ်းများ သိမ်းဆည်းထားသည့်အခါ အံဆွဲများပျက်ဆီးသည့် အခက်အခဲကြုံရပါသည်။ ကျေးရွာများသောကြောင့် ဖိုင်များထားရန်အတွက်လည်း ဖိုင်စဉ်များ လုံလောက်မှုမရှိသဖြင့် အခက်အခဲအနည်းငယ် ရှိပါသည်။

## မတူပီမြို့နယ်

ဆိုင်ကယ်အပိုပစ္စည်းများ။ ဆိုင်ကယ်အပိုပစ္စည်းများမှာယူရာတွင် တစ်စီးချင်းစီ အတွက် လက်ရှိလိုအပ်သည့်ပစ္စည်းကိုသာ ဝယ်ယူတပ်ဆင်ခွင့်ပြုပေးခြင်းထက် ပုံမှန် လဲလှယ်ရန်လိုအပ်သည့် အပိုပစ္စည်းများကိုပါ ကြိုတင်ဝယ်ယူခွင့်ပြုပေးသင့် ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဝယ်ယူခွင့်ရရှိရေးအတွက် အဆင့်(၁) ကုမ္ပဏီသို့ဈေးနှုန်းအတည်ပြုချက်ရယူခြင်း၊ အဆင့်(၂) အဆိုပါပစ္စည်းများဝယ်ယူ ခွင့်ရရှိရေးအတွက် ခွင့်ပြုချက်တောင်းခံခြင်း၊ အဆင့် (၃) ကုမ္ပဏီသို့ပစ္စည်းမှာ ယူခြင်းစသည်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းများပြင်ဆင်ရခြင်း၊ ပြန်လည် ညှိနှိုင်းရခြင်းမျိုးရှိပါက ထို့ထက်ပင်ပိုမိုကြာမြင့်ခြင်းကြောင့် လုပ်ငန်းများ ဆောင် ရွက်ရာတွင် အခက်ခဲများဖြစ်လာစေနိုင်ပါသည်။

## တွန်းဇံမြို့နယ်

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲ ရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။ နေပြည်တော် Procurement Team တို့ Tablet Huawei (၂)လုံး ပေးပို့ ထားပါသည်။
စီမံကိန်း Logo စတစ်ကာများ အချိန်မီမရရှိသောကြောင့် ကျေးရွာများသို့ ဖြန့်ဝေနိုင်ခြင်း မရှိသေး ပါ။ စီမံကိန်းလုပ်ငန်းခွဲများတွင် ထားရှိမည့် အလှူမီယမ်ပြားများ မရရှိသေးသည့်အတွက် အချိန်မှီ ကျေးရွာများသို့ ဖြန့်ဝေနိုင်ခြင်းမရှိသေးပါ။

## လယ်ဝေးမြို့နယ်

**Copier** ပြုပြင်ရန်လိုအပ်နေပါသည်။ **Laptop** များ **window update** တောင်းနေသည့်အတွက် အသုံးပြု၍ မရပါ။

## ပျဉ်းမနားမြို့နယ်

ရုံသုံးColour Printer ESPSON 1800 မှာမကြာခဏချို့ယွင်းမှုများရှိနေပါသည်။ မြို့နယ်တွင် ရွာဖိုင် များထားရှိရန် ဗီဒိုအခက်အခဲရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းပိုင် Projector မှာ မီလုံးအားနည်းနေပြီး သုံးစွဲရန်အဆင်မပြေပါ။ စီမံကိန်းပိုင် မော်တော်ဆိုင်ကယ်သုံးအပိုပစ္စည်းများမှာ အလွယ်တကူ ဝယ်ယူရန် ခက်ခဲမှုများ ရှိနေပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်တွင် စီမံကိန်းလုပ်ငန်းသုံး ဆိုင်ကယ်မလုံလောက်မှုများရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် မော်တော်ယာဉ်အနေဖြင့် ဘီးတာယာပန်း(ပွိုင့်)များ ပါးနေပါသဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် အန္တရာယ်ရှိနိုင်သဖြင့် တာယာများလဲလှယ်ရန် လိုအပ်ပါသည်။

**သဲကုန်းမြို့နယ်တွင်**

သဲကုန်းမြို့နယ်တွင် ကျေးရွာအုပ်စုနှင့် ကျေးရွာများ အပြင်Printer & Copy (၄)လုံးတွင် Canon (LBP 214 dw) မှာ Cartridge ဈေးနှုန်းကြီးမြင့်ခြင်း ပစ္စည်းဝယ်ယူရရှိရန် ခက်ခဲခြင်းတို့ကြောင့် အသုံးမပြုနိုင်ဘဲ ကျန် Printer & Copy များဖြင့်သာ အသုံးပြုရသဖြင့် အခက်အခဲ ရှိပါသည်။ ထို့အပြင် File စင်များလည်းအခက်အခဲ ရှိပါသည်။ TTA/DRD (၁၁)ဦးနှင့်CFနှင့်TF (၆၃)ဦး စုစုပေါင်းဝန်ထမ်း(၇၄)ဦးရှိပြီး ဆိုင်ကယ်စုစုပေါင်း (၆၄)စီးသာရှိသည့်အတွက် လုပ်ငန်းများ အကောင်အထည်ဖေါ်ချိန်တွင် အခက်အခဲရှိပါသည်။

**မိုးကောင်းမြို့နယ်**

CDD မိတ္တူကူးစက် (Samsung Copier) မှာ ပျက်နေသဖြင့် လုပ်ငန်းဆောင်ရွက် ရာတွင် အခက်အခဲရှိပါသည်။ အပြင်ဆိုင်တွင်ဈေးကြီးပေးပြီးမိတ္တူကူးရပါသည်။ Samsung Printer စက်လည်း Print Out ပြုလုပ်၍မရရှိနိုင်ပါကြောင်း တင်ပြ အပ်ပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူး(၂)ဦးအတွက် စီမံကိန်းဆိုင်ကယ်(၂)စီးလိုအပ်နေပါသဖြင့် လုပ်ငန်းခွင်ကွင်းဆင်းဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာခဲ့ရပါသည်။ လက်ထောက်နည်းပညာမှူး(၁)ဦး၏ Tablet ပြုပြင်ရန်ရုံးချုပ်သို့ပေးပို့ထားသဖြင့် အချက်အလက်များသွင်းရာတွင် အချိန်ကြန့်ကြာခဲ့ရပါသည်။

**ဆီဆိုင်မြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ် ဝယ်ယူရေးလုပ်ငန်းစဉ်အရ ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူရာတွင် ၂၀၁၉ ခုနှစ် မေလအတွင်း ကမ္ဘောဇတံဆိပ် ဘိလပ်မြေမှာ ဈေးကွက်တွင် ပြတ်လပ်သွားပြီး မူလဈေးနှုန်း တစ်အိတ်(၅၀)ကီလိုဂရမ်လျှင် ၄၂၀၀ကျပ်မှ ၈၅၀၀ကျပ်အထိ ဈေးမြင့်တက်ခြင်းနှင့် ကြုံတွေ့ခဲ့ရပါသည်။ စီမံကိန်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်း အသုံးပြုရာတွင် **Samsung Copier Machine (Multi Xpress k3300NR)** နှင့် **Canon Printer (Image CLASS LPB 214dw)** တို့မှာ **Tonor/ Cartridge** ကုန်သည့်အခါတွင် လည်းကောင်း၊ ပြုပြင်ရန် လိုအပ်သည့်အခါတွင် လည်းကောင်း ဆီဆိုင်မြို့နယ်အပါအဝင် ရှမ်းပြည်(တောင်ပိုင်း) ရှိမြို့နယ်များတွင် **Tonor Cartridge** များဝယ်ယူရန်၊ **Service** ပြုလုပ်ရန် နည်းပညာရှင်ခေါ်ရန် အခက်အခဲရှိခြင်းများ ရှိပါကြောင်း တင်ပြအပ်ပါသည်။

**မောက်မယ်မြို့နယ်**

ကျေးရွာကျောက်ချောလမ်းစီမံကိန်းများ လုပ်ငန်းလုပ်ဆောင်စဉ် ကျောက်ပြတ်လပ်ခြင်း အခက် အခဲလမ်းကြိတ်စက် စောင်ဆိုင်းခြင်းများရှိခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးမှုများ ရှိခဲ့ပါသည်။ ကျောင်းဆောင်ပြုပြင်ခြင်းစီမံကိန်းတွင် ရေအခက်အခဲရှိခြင်းကြောင့် ကျေးရွာမှ ရေသယ်ပေးရခြင်းကြောင့် အချိန်နောက်ကျမှုရှိခြင်း။

**မဘိမ်းမြို့နယ်**

မြို့နယ်စီမံကိန်း ရုံးသုံးမီးစက်ပျက်နေပါသဖြင့် မြို့နယ်တွင်း၊ ခရိုင်အတွင်းပါ ပြုပြင် နိုင်သောကျွမ်းကျင်ပညာရှင်မရှိပါသဖြင့် ယခုထိတိုင် စီမံကိန်းမီးစက်အား မပြုပြင်နိုင်သေးပါ။ (မဘိမ်းမြို့နယ်သည် လျှပ်စစ်မီးမရှိသော မြို့နယ်ဖြစ်ပါသည်။)

**မိုင်းခတ်**

ဒေသထွက်ပစ္စည်းကျောက်၊ သဲ၊ ကျောက်၊ အုတ်များရှားပါးခြင်း၊ Roller Machine

**တနသ်ာရီတိုင်းဒေသကြီး**

စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခွဲဝေချထားပေးသော Tablet တစ်လုံးနှင့် Handset တစ်လုံးပြုပြင်ရန်ပေးပို့ထားပြီး Handset မှာပြန်လည်ရရှိပြီး ဖြစ်သော်လည်း Tablet တစ်လုံးမှာ ယနေ့အချိန်ထိ မရရှိသေးခြင်း တင်ပြအပ်ပါသည်။

**တနသ်ာရီမြို့နယ်**

တနသ်ာရီမြို့နယ်သည် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိပြီဖြစ်၍ စီမံကိန်းမှ ပံ့ပိုးထားသော ရုံးသုံးစက်ပစ္စည်းများမှာ ပျက်စီးမှုများပြားခြင်း၊ စီမံကိန်းသုံး မော်တော်ဆိုင်ကယ်များမှာလည်း ပျက်စီးမှုများပြားခြင်းကြောင့် ပြုပြင်စရိတ်များ ကုန်ကျမှု များပြားပါသည်။ လူထုဗဟိုပြု စီမံကိန်း သုံး Tablet (၃၇)လုံးရှိသည့်အနက် အသုံးမပြုနိုင်သော Tablet (၁၂)လုံးရှိပါသည်။ အဆိုပါ ပျက်စီးနေသည့် Tablet (၁၂)လုံးအနက် (၄)လုံးအား ရုံးချုပ်သို့ ပေးပို့ထားပါသည်။

တနသ်ာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသုံး Laptop (၆) လုံးရှိသည့်အနက် (၁)လုံးအား ပြင်ဆင်ရန် ရုံးချုပ်သို့ပေးပို့ထားပြီး လက်ရှိ (၂)လုံးမှာ ပါဝါဖွင့်မရခြင်း၊ လိုင်စင်သက်တမ်းကုန်ဆုံးခြင်း၊ တို့ဖြစ်ပေါ်နေသဖြင့် အသုံးပြုနေသော Laptop (၃) လုံးကိုသာ မျှဝေသုံးစွဲ နေရသည့်အတွက် အလုပ်တာဝန်များအား အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာလျက်ရှိပါသည်။

**ဘီးလင်းမြို့နယ်**

စီမံကိန်းစက်ဝန်း(၄)နှစ်မြောက် ရောက်ရှိပြီးဖြစ်သည့်အတွက် Tablet များမှာ သက်တမ်းကျော်ခြင်းကြောင့် ပျက်စီးမှုများခြင်းနှင့်ဆိုင်ကယ်များ၏ စက်ပစ္စည်း အစားထိုး ဝယ်ယူပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရပါသည်။

**ပေါင်မြို့နယ်**

Desktop Computer များVirus ဝင်နေပြီး သုံးမရဖြစ်နေပါသည်။ TFs များ Drawingပုံ များ Auto Card Software သုံးမရဖြစ်နေပါသည်။ Tablet များပျက်စီးမှုများပြား။ စီမံကိန်း မော်တော်ဆိုင်ကယ်များနှင့်မိတ္တူကူးစက်များအတွက် ဆက်စပ်ပစ္စည်း ရရှိရန်ခက်ခဲ။ Honda 125 မော်တော်ဆိုင်ကယ်များအတွက် ဆက်စပ်ပစ္စည်းဝယ်ရန်ခက်ခဲ။ Computer များ window Activate လုပ်ရန်လိုအပ်၊ Samsung မိတ္တူကူးစက် Cartidge Toner များဈေးနှုန်းကြီးမြင့်။ Tablet (၉)လုံး ပျက်စီးမှုရှိခြင်းကြောင့် M&E (MIS) Data များ update ရရှိရန်အတွက်နှောင့်နှေးမှု အခက်အခဲရှိခြင်း။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ပုဏ္ဏားကျွန်းမြို့နယ်**

အစီရင်ခံသည့်ကာလအတွင်း လက်ထောက်နည်းပညာမှူးတစ်ဦး နုတ်ထွက်သွားခဲ့ရာ ယခင်တစ်ဦးနုတ်ထွက်သွားသဖြင့် ပြန်လည်အစားထိုးနိုင်ခြင်းမရှိသေးသောကြောင့် စုစုပေါင်း လက်ထောက်နည်းပညာမှူး(၂)ဦး လစ်လပ်လျှက်ရှိပါသည်။

**ငွမြို့နယ်**

ငွမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် ကျေးရွာများ ထပ်မံတိုးလာသဖြင့် ပုဏ္ဏားကျွန်း လူထုဗဟိုပြုစီမံကိန်းမှ လက်ထောက်နည်းပညာမှူး (၁)ဦးနှင့် လူထုစည်းရုံးရေးမှူး (၁)ဦး လာရောက် ကူညီပေးခဲ့ပါသည်။

**ပလက်ဝမြို့နယ်**

လက်ထောက်နည်းပညာမှူး(၉)ဦးနှင့် လူထုစည်းရုံးရေးမှူး (၉)ဦးတို့ အလုပ်မှ နှုတ်ထွက်မှု ရှိနေပါသည်။ နောက်ထပ် ဝန်ထမ်းများနှုတ်ထွက်ရန်လည်း နှုတ်ထွက်စာများ တင်ထားကြောင်း သိရှိပါသည်။ လုပ်ငန်းခွဲပေါင်း(၁၆၆) ခုအတွက် ရပ်နားထားသော ကျေးရွာအုပ်စုများမှ တာဝန်ကျ ဝန်ထမ်းများအား စီမံကိန်းအကောင်အထည် ဖော်ဆောင်သည့် လုပ်ငန်းခွဲများတွင် တာဝန်ပေးကာ လုပ်ငန်းခွဲများ အချိန်မီပြီးစီးနိုင်ရေးအတွက် လုပ်ဆောင်ထားရှိပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း ဝန်ထမ်းအခက်အခဲမှာ DRD Finance တာဝန်ခံမှာ မတ်လမှ မီးဖွားခွင့် ယူသွားပါသဖြင့် သင်တန်းများနှင့် ရုံးအသုံးစရိတ် များ တောင်းခံမှုရှင်းတမ်းခွင့်ပြုမှုများ တောင်းခံရာတွင် ကြန့်ကြာမှုများ ရှိပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း ဝန်ထမ်းအခက်အခဲမှာ စီမံကိန်းလုပ်ငန်းသုံးမော်တော်ကားနှင့် စက်လှေမောင်းနှင်နိုင်ရန်အတွက် ဒရိုင်ဘာလိုအပ်မှု ဖြစ်ပေါ်နေခြင်းတို့ ဖြစ်ပါသည်။

**မင်းတုန်းမြို့နယ်**

လက်ထောက်နည်းပညာမှူး ဝန်ထမ်း ( ၁ )ဦး နှုတ်ထွက်သွား သော်လည်း ၄င်းတာဝန် ယူထားသည့် ကျေးရွာလုပ်ငန်းခွဲများ လုပ်ဆောင်ပြီးစီးသည့်အတွက် အခက်အခဲ မရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူး (၄)ယောက်နှင့် လူထုစည်းရုံးရေးမှူး (၁) ယောက် လစ်လပ်လျှက် ရှိပါကြောင်း၊ လက်ရှိအနေဖြင့် ပြည်ထောင်စုအဆင့်အနေဖြင့် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပြီး မြို့နယ် အဆင့်အနေဖြင့် အင်တာဗျူးရန် ကျန်ရှိနေပါသေးပါကြောင်း၊ မြို့နယ်နည်းပညာပေးအဖွဲ့မှ CSAGS

သည် (၂၆.၆.၂၀၁၉)တွင် နှုတ်ထွက်စာတင်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၇.၇.၂၀၁၉)တွင် လစ်လပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကြံခင်းမြို့နယ်**

လူထုစည်းရုံးရေးမှူး (၄) ဦး နှုတ်ထွက်သွားသော်လည်း (၁)လအတွင်း ပြန်လည် ခန့်အပ်ထားနိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲလုပ်ဆောင်နေချိန်တွင် နှုတ်ထွက်သောကြောင့် စီမံကိန်း လုပ်ငန်းခွဲလုပ်ဆောင်မှုများ နှောင့်နှေးခဲ့ရပါသည်။

**အင်္ဂပူမြို့နယ်**

ဝန်ထမ်းအင်အားတွင် စီမံကိန်းလုပ်ငန်းခွဲများ များပြားသည့်အတွက် မြို့နယ် Infra Counterpart တစ်ဦးတည်းသာရှိသည့်အတွက် အခက်အခဲရှိကြောင်း Infra Counterpart တစ်ဦး လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ငါန်းဇွန်မြို့နယ်**

(၁)လလျှင် ခွင့်(၁)ရက်ယူရန် ခွင့်ပြုထားပြီး ရှေ့လများမှ(၃)လထိဆက်တိုက် ခွင့်မယူထားပါက (၃)ရက်ထိ ခွင့်စုဆောင်း ခွင့်ပြုထားသောကြောင့် တချို့ ဝန်ထမ်းများ သည် အခွင့်အရေး တခုအနေဖြင့် ရယူလိုကြပါသည်။ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအား လိုက်နာမှုမရှိဘဲ နှုတ်ထွက် ဝန်ထမ်းအား အရေးယူ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှာ နောက်ဆုံးနှစ် ဖြစ်သည့်အတွက်  ဝန်ထမ်းများ သည် အခြားလုပ်ငန်းများသို့ ကူးပြောင်းကြခြင်းကြောင့် ဝန်ထမ်း အထွက်များခြင်းများ ရှိခဲ့ပါသည်။ စီမံကိန်းလုပ်ဆောင်ရန် အချိန်အနည်းငယ်သာ ကျန်ရှိခြင်း၊ အတွေ့အကြုံရှိသော ဝန်ထမ်းများရရှိရန် မလွယ်ကူခြင်း တို့ကြောင့် လစ်လပ်သော ဝန်ထမ်းနေရာများအား အစားထိုးခန့်ထားရန် ခက်ခဲခဲ့ပါသည်။ ထို့ကြောင့် ကျန်ရှိသော ဝန်ထမ်းများနှင့်သာ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

**ရမည်းသင်းမြို့နယ်**

**TTA Procurement Officer**  စာချုပ်ပြည့်သဖြင့် **DRD procurement** မှ အားလုံး တာဝန်ယူဆောင်ရွက်နေရပါသည်။  မေလကုန်ကတည်းက လူထုစည်းရုံးရေးမှူး တစ်ဦးလစ်လပ်ပြီး အစားထိုး ခန့်အပ်ရန် ခွင့်ပြုချက် မကျသေးပါ။

**ကော့မှူးမြို့နယ်**

Procurement Counterpart and Procurement Officer လစ်လပ်လျှက်ရှိခြင်း၊ TF – ၄ ဦးနှင့် CF – ၄ ဦး လစ်လပ်လျှက်ရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် လစ်လပ်နေသောနေရာများတွင် အစားထိုးဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲရှိခြင်း၊ Procurement လစ်လပ်နေသည့်အတွက် ဝယ်ယူရေးလုပ်ငန်းများ စစ်ဆေးရာတွင် အခက်အခဲရှိခြင်း၊

**ကွမ်းခြံကုန်းမြို့နယ်**

ဘဏ္ဍာရေးပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပါတ် ဘဏ္ဍာရေး အစီအစဉ်မဆွဲမီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ်အတွက် ပိုမိုမှန်ကန်လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃လ အတွင်းဆောင်ရွက်မည့် အစည်းအဝေး၊ သင်တန်း၊ ပြပွဲများ ) ဝန်ထမ်းများ ထွက်သွားပါက အမြန်ဆုံး ပြန်လည် ဖြည့်တင်း ပေးစေလိုပါသည်။ ဝယ်ယူရေးအတွက် နည်းပညာအကြံပေးအား ပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။

**ကျောက်တန်းမြို့နယ်**

ယခုလက်ရှိအခြေအနေတွင် လူထုဗဟိုပြုစီမံကိန်းအတွက် DRD ဝန်ထမ်းများ၊ မြို့နယ် အကြံပေးဝန်ထမ်းများနှင့် လူထုစည်းရုံးရေးမှူးများ၏ ဝန်ထမ်းအင်အားအပြည့်အဝ ရှိသော်လည်း လက်ထောက်နည်းပညာမှူး အင်အားများအနက် အမျိုးသမီးဝန်ထမ်း (၁) ယောက် နှုတ်ထွက်သွားခြင်း၊ ဝန်ထမ်းရွေးချယ်မှု၊ ခန့်အပ်မှုအပိုင်းများတွင် ကြန့်ကြာခြင်းတို့ကြောင့် လုပ်ငန်းပြီးမြောက်မှုအပိုင်းများတွင် နှောင့်နှေးကြန့်ကြာမှုများတွေ့ရပါသည်။ DRD Counterpart Staff တစ်ချို့မှာ DRD ၏ မူလလုပ်ငန်းတာဝန်များအား ပူးတွဲတာဝန် ထမ်းဆောင်နေရသဖြင့် လုပ်ငန်းပြီးမြောက်မှု၊ လုပ်ငန်းတိုးတက်မှုအပိုင်းများတွင် အားနည်းခြင်း၊ ကြန့်ကြာခြင်းစသည်တို့အား တွေ့ရပါသည်။

**လှိုင်ကော်+ရွာတောမြို့နယ်**

လူထုစည်းရုံးရေးမှူး(၂)ဦး ပြောင်းရွှေ့သွားသဖြင့် အစားထိုးပြန်လည်ခန့်ထား နိုင်ခဲ့ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

DRD Counterpart **M&E/MIS** တာဝန်ခံမှာ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ သင်တန်း(၃)လ တက်ရောက်နေသဖြင့် စာရင်းဇယား ဖြည့်သွင်းခြင်း၊ ကောက်ယူ စုဆောင်းခြင်းအပိုင်းများတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အနည်းငယ် အားနည်းလျှက် ရှိပါသည်။ CF/TF ဝန်ထမ်းများ

အနေဖြင့်အလုပ်သစ်များအတွက် ပြင်ဆင်ဆောင်ရွက်နေကြပြီး အလုပ်မှရပ်နားမှု၊ ဝန်ထမ်းအစားထိုး ခန့်ထားမှုများ မကြာခဏရှိနေသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ ရှိခဲ့ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများ၊ နည်းပညာစည်းရုံးရေးမှူးများနှင့် ကျေးလက်ဝန်ထမ်း Counterpart များအနေဖြင့် မကြာခဏအပြောင်းအလဲများ ရှိခြင်းကြောင့် စီမံကိန်းအကောင် အထည်ဖော်ရာတွင် အနည်းငယ်အားနည်းချက်များ ဖြစ်စေခဲ့ပါသည်။ နည်းပညာစည်းရုံးရေးမှူး များသည် အတွေ့အကြုံ အနည်းငယ်ရရှိလာပါက အလုပ်သစ်ပြောင်းသွားသဖြင့် အစားထိုး ဝန်ထမ်းများ ထပ်မံခေါ်ယူရခြင်း၊ ဝန်ထမ်းသစ်များအား စီမံကိန်းလုပ်ငန်းအကြောင်း အစမှ ပြန်လည် သင်ပေးရခြင်းများကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့ပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်အနေဖြင့် တစ်မြို့နယ်နှင့်တစ်မြို့နယ် အလွန် ဝေးကွာပြီး ဒေသအခြေအနေခက်ခဲခြင်းများကြောင့် အတွေ့အကြုံရှိသော ဝန်ထမ်းများမှာ လုပ်ငန်း အပေါ် စိတ်ဝင်စားမှုအားနည်းကြောင်း တွေ့ရှိရပါသည်။

**ကြာအင်းစိတ်ကြီးမြို့နယ်**

လစ်လပ်နေသော နေရာများကို အစားထိုးဆောင်ရွက်နိုင်ရန် UNION သို့ ပြည်နယ်မှ တဆင့် တောင်းခံရာတွင် CF (၂)ဦးနှင့် TF (၃)ဦးကို ခန့်ထားခွင့်ပြုချက်ရယူပြီး၍ အလုပ်ခေါ်စာ ထုတ်ပြီးဖြစ်၍ UNION မှ ခွင့်ပြုမိန့်ရပြီးပါက ဇူလိုင်လတွင် ခန့်ထားမည် ဖြစ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ဝေးလံခက်ခဲသောဒေသတွင် တာဝန်ကျသော ဝန်ထမ်းများသည် ဆိုင်ကယ်စီးရသည့် ဒုက္ခ၊ ပင်ပန်းသည့်ဒဏ်မခံနိုင်၍ အလုပ်ထွက်သူများပါသည်။

**ကော့ကရိတ်မြို့နယ်**

ဝန်ထမ်းခန့်ထားရာတွင် ကျား-မအချိုးတူပါဝင်ရမည့် သတ်မှတ်ချက်များကြောင့် ဝေးလံပြီး သွားလာရေးခက်ခဲသော ကျေးရွာများတွင် တာဝန်ကျသော အမျိုးသားဝန်ထမ်းများ မကြာခဏ အလုပ်ထွက်ခြင်း။ ဒေသတွင်း အင်ဂျင်နီယာ **(Civil)** ကျောင်းဆင်းများနည်းပါးခြင်း။

**မတူပီမြို့နယ်**

နှုတ်ထွက်/အစားထိုးခန့်ထားခြင်း။ အစီရင်ကာလ(ယခုသုံးလပတ်) အတွင်း ဝန်ထမ်းများ နှုတ်ထွက်/ခန့်ထားခြင်းနှင့်ပတ်သတ်၍ လူထုစည်းရုံးရေးမှူး (၂) ဦး နှုတ်ထွက်ပြီး အစားထိုး ခန့်ထား

ရေးဆောင်ရွက်လျက်ရှိပါသည်။ လက်ထောက် နည်းပညာမှူး(၅) ဦး နေရာလစ်လပ်လျှက်ရှိပြီး၊ အစားထိုးခန့်ထားရေး ဆောင်ရွက်လျက်ရှိပါသည်။

လူထုစည်းရုံးရေးမှူးအများစုမှာ ဒေသခံ များဖြစ်သဖြင့် ပညာရေး၊ အခြားလူမှုရေးကိစ္စရပ်များမှ လွဲ၍ နှုတ်ထွက်ခြင်းများသိပ်မရှိပါ။ လစ်လပ်နေရာအစားထိုးခန့်ထားရေးအတွက်လည်း ခက်ခဲမှု မရှိပါ။ လက်ထောက်နည်းပညာမှူးအများစု(အားလုံးနီးပါး)မှာ ပြည်မမှ လာရောက် တာဝန်ထမ်းဆောင်သူများဖြစ်ပြီးငင်းတို့နှုတ်ထွက်သည့်အတွက် အစားထိုးခန့်ထားရေးအတွက် ဒေသခံနည်းပညာ ကျောင်းဆင်းနည်းပါးမှုကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ပြည်မမှ လာရောက်တာဝန်ထမ်းဆောင် သူများ အနေဖြင့် ဒေသခက်ခဲမှုကြောင့်သော် လည်းကောင်း၊ အခြား လမ်းပန်းဆက်သွယ်ရေးပိုမိုလွယ်ကူ အဆင်ပြေသော လူထုဗဟိုပြုစီမံကိန်းမြို့နယ်များနှင့် ရရှိသည့်လစာများတူညီနေမှုကြောင့် စိတ်ဝင်စားမှုလျော့ခြင်းဖြစ်နိုင်ကြောင်းသုံး သပ်ရပါသည်။

**တွန်းဇံမြို့နယ်**

TDRD ( Infra) ဝန်ထမ်း လစ်လပ်မှုရှိနေပါသည်။

**လယ်ဝေးမြို့နယ်**

**CF** (၁) ယောက် နှင့် **TF** (၂) ယောက် နှုတ်ထွက်သွားသဖြင့် ပြန်လည်ခန့်ထားရန် ကြော်ငြာထားသော်လဲ လျှောက်ထားသူမရှိသဖြင့် ခန့်အပ်နိုင်ခြင်းမရှိပါ။

**ပျဉ်းမနားမြို့နယ်**

**CF** တစ်ဦးနှုတ်ထွက်သွားပါသဖြင့် ၎င်း၏ နေရာတွင် အစားထိုးခန့်ထားရန်ပြင်ဆင်ထားရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် ဒုတိယနှစ်စီမံကိန်းတွင် အမည်မပေါက်သော ကျေးရွာများအား လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိပြီး ယခင်ကျေးရွာ စုစုပေါင်း(၈၂)ရွာမှ ယခုနှစ်တွင် ကျေးရွာစုစုပေါင်း(၁၁၄)ရွာရှိလာပြီဖြစ်ပြီး ဝန်ထမ်းအင်အား မလုံလောက်မှုနှင့် ပတ်သက်၍ အဆင့်ဆင့် တင်ပြထားပြီး ဖြစ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင်လစ်လပ်နေသော CSAG နှင့် Procurement တာဝန်ခံတို့အား အမြန်ဆုံး ခန့်အပ်ပေးစေလိုပါသည်။

**မိုးကောင်းမြို့နယ်**

DRD Counterpart CSAG မှာ တနိုင်းမြို့နယ်ကျေးလက်ရုံးသို့ မေလတွင် ပြောင်းရွှေ့သွားပါသဖြင့် ၎င်းနေရာတွင် ပြန်လည်ခန့်ထားခြင်းမရှိသေးပါသဖြင့် အနည်းငယ် အခက်အခဲရှိပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများမိခင် ဌာနလုပ်ငန်းများရှိနေ၍ စီမံကိန်းတွင် အချိန်ပေးနိုင်မှု နည်းပါးလျှက် ရှိပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၂၀)မှ(၃၀)အတွင်း ဆောင်ရွက်ရခြင်းကြောင့် Estimate ရေးဆွဲခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ RE ပြန်လည် တွက်ချက်ခြင်း၊ Infra file များဆောင်ရွက်ရာတွင်အချိန်ကြန့်ကြာခဲ့ရပါသည်။ လူထုစည်းရုံးရေးမှူးတစ်ဦးလျင် ကျေးရွာ (၁၃)ရွာခန့်ကြီးကြပ်ဆောင်ရွက်ရပါသည်။

**ဆီဆိုင်မြို့နယ်**

မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ ဝယ်ယူရေးအရာရှိ ရာထူးသည် လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းစက်ဝန်း(၄) ခုတွင်(၂)ခု အတွက် တာဝန်ထမ်းဆောင်ရန် သဘောတူစာချုပ်အရ (၁၁.၂.၂၀၁၉) နေ့တွင် ကန်ထရိုက်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ ဆီဆိုင်မြို့နယ်တွင် ဝန်ထမ်းဦးရေများခြင်း၊ ကျေးရွာအရေအတွက်များခြင်းကြောင့် ဝယ်ယူရေးအရာရှိ တစ်ဦးတည်း တာဝန်ထမ်း ဆောင်ရာတွင် မြို့နယ်နှင့် ကျေးရွာအဆင့် ဝယ်ယူရေးလုပ်ငန်းစဉ်များကို ကူညီရန်၊ ကြီးကြပ် ဆောင်ရွက်ရန် အခက်အခဲ ရှိပါကြောင်း တင်ပြအပ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်သို့ စီမံကိန်းပြုလုပ်ရန်အတွက် CFs ၊TFs များ သက်မှတ် ချပေးခဲ့ပါသည်။ သက်မှတ်ချပေးရာတွင် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၄၈)ရွာအတွက်သာ တွက်ချက် ချမှတ်ပေးခဲ့ပါသည်။ သို့သော် မြို့နယ်စီမံကိန်း စတင်အအကောင်အထည်ဖော်ရာတွင် အမည်မပေါက် ကျေးရွာ (၉) ရွာ ထက်မံတိုးလာသဖြင့် စုစုပေါင်း ကျေးရွာ (၅၇) ရွာ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရပါသဖြင့် CFs/TFs များ ထက်မံတိုးပေးစေ လိုပါသည်။

**ချောင်းဆုံမြို့နယ်**

ဇွန်လအတွင်းCF(၁ ) ဦး လစ်လပ်လျက်ရှိခဲ့သော်လည်း ယင်းနေရာတွင် Social Audit ပြီးCF(၁ ) မှ ဖြည့်စွက်ဆောင်ရွက်လျက်ရှိပါသည်။ Infra Counterpart မရှိသော်လည်း ပြည်နယ် Infra Assistance နှင့်အတူ DRD Team Leader,TTA Team Leader တို့မှ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

**ဘီးလင်းမြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သောကြောင့် လက်ထောက်နည်းပညာမှူးများ အခြားအလုပ်အကိုင် အသစ်များရှိရာသို့ ပြောင်းရွှေ့ခြင်း၊ နှုတ်ထွက်ခြင်းများရှိလာ၍ ၎င်းတို့ တာဝန်ကျခဲ့သော ကျေးရွာအုပ်စုများ၏ လုပ်ငန်းများအပြီးသတ် ဆောင်ရွက်စေခဲ့ရပါသည်။

**ပေါင်မြို့နယ်**

လက်ထောက်နည်းပညာမှူး(၁)ဦးထပ်မံခန့်ထားပေးစေလိုပါသည်။ M&E Counterpart(၃)လ သင်တန်းတတ်ရောက်ရသည့်အတွက် ယခု ၃လအတွင်း M&E Checklistလုပ်ရန်အတွက် Monitoring Field visit အားနည်း။ လစ်လပ်သွားသော ဂန်ထမ်းနေရာအတွက် အချိန်မှီ ခန့်ထားနိုင်ပါသည်။

**(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်မြို့နယ်အတွင်းနှင့် မြို့နယ်၏မြောက်ပိုင်း ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော် မြို့နယ်များနှင့်ထိစပ်နေရာဒေသများတွင် တိုက်ပွဲဖြစ်ပွားမှုများ ရှိနေသဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးသို့ သွားရောက်အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါ။

မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီမှ ကျေးရွာအုပ်စု(၅၃)၊ ကျေးရွာ(၈၃)ခု၏ စီမံကိန်းလုပ်ငန်းခွဲ(၈၄)ခုကို အတည်ပြုပြီးသော်လည်း အစီရင်ခံသည့် ကာလအတွင်း နေမြေလုံခြုံမှုအရ ကျေးရွာအုပ်စု(၃၂)ခု၏ ကျေးရွာ(၅၈)တွင် စီမံကိန်းလုပ်ငန်းခွဲ (၅၁)ခုကိုသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**ပလက်ဝမြို့နယ်**

အထက်ကုလားတန်ဒေသတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်ကာ စစ်ပွဲများထပ်မံဖြစ်ပွားလာမှုရှိနေသောကြောင့် နယ်မြေအေးချမ်းတည်ငြိမ်မှုနည်းပါးကာ စတုတ္ထနှစ် စက်ဝန်းစတင်ရန်အတွက် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့်PRA ပြုလုပ်ရန် အုန်းသီး ဝအုပ်စု၊ ရွှေလိုင်ပွီအုပ်စု၊ ပကာဝအုပ်စု၊ ဒူရီတောင်အုပ်စုမြိတ်ဝအုပ်စု၊ မော်တလာ အုပ်စုနှင့် သာယာကုန်းစသော အုပ်စု(၇)စုရှိ

ကျေးရွာ(၁၉)ရွာသို့ မသွားရောက်နိုင်ခဲ့ပါ။ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်နေစဉ် အတွင်း အထက်ကုလားတန်ဒေသအပြင် အောက်ကုလားတန်ဒေသမှကျေးရွာတစ်ချို့နှင့် သံထောင်ဒေသမှကျေးရွာတစ်ချို့တွင် စစ်ပွဲများဆက် လက်ဖြစ်ပွားနေရာ လုပ်ငန်းခွဲ ပေါင်း (၁၄၃)ခုကို နှစ်တွင်းဆိုင်းငံ့ထားခဲ့ရပါသည်။

လတ်တလောဖြစ်ပွားနေသောစစ်ပွဲများကြောင့် အောက်ကုလားတန်ဒေသရှိ ဒေက် အုပ်စုမှ စီမံကိန်းလုပ်ငန်းခွဲ(၃)ခု၊ ပိန္နဲတစ်ပင်အုပ်စုမှ(၂)ခု တို့မှာ လုပ်ငန်းခွဲများ ပြီးစီးပြီး ဖြစ်သော်လည်း လူထုဆန်းစစ်ပွဲများ လုပ်ဆောင်ရန်မသွားရောက်နိုင်ဘဲဖြစ်နေပြီး ကျီးလေအုပ်စုတွင်လုပ်ငန်းခွဲ(၃)ခု နှင့် ကြွေသောင်အုပ်စုတွင်လုပ်ငန်းခွဲ(၁)ခုမှာ လုပ်ငန်းလုပ်ဆောင်ရန်အခက်အခဲ ကြုံတွေ့လျက် ရှိနေပါသည်။

## ကြံခင်းမြို့နယ်

မိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် သွားလာရ ခက်ခဲမှုများ ကြုံတွေ့ရပါသည်။

## ရမည်းသင်းမြို့နယ်

လူပြတ်သော လမ်းများတွင် လုယက်မှုများ ရှိပါသည်။ ညနေပိုင်းမှ လူထုစစ်ဆေးပွဲ အချိန်ပေးသော ကျေးရွာများတွင် ဝန်ထမ်းများစုပြီး သွားရောက် ဆောင်ရွက်ခဲ့ပါသည်။

## ကျောက်တန်းမြို့နယ်

ကျောက်တန်းမြို့နယ်သည် ဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ နယ်မြေအေးချမ်းသာယာသောကြောင့် လုံခြုံရေး ဆိုင်ရာအခက်အခဲများမရှိပါ။ မိုးဦးကျကာလတွင်မူ ဆက်သွယ်ရေးလမ်းများ ပျက်စီးသွားသောကြောင့် ဝန်ထမ်းများကွင်းဆင်းရန် အခက်အခဲများရှိသောကြောင့် လုပ်ငန်းကြီးကြပ်မှုအပိုင်းတွင် အားနည်းကာ၊ လုပ်ငန်းအရည်အသွေးနှင့် ပြီးမြောက်မှုအပိုင်းများတွင် အခက်အခဲများရှိလာပါသည်။

## ရှားတော်မြို့နယ်

ရှားတောမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်နေစဉ် လစဉ်ကရင်နီ တိုးတက်ရေးအဖွဲ့(KNPP)သို့ မိမိဆောင်ရွက်မည့်လုပ်ငန်း၊ ကျေးရွာများ၏စာရင်းအား အစီအစဉ်ရေးဆွဲတင်ပြရပါသည်။

**ဖရူဆိုမြို့နယ်**

KNPP၏ဝင်ခွင့်ခွင့်ပြုမိန့်များအား သိုသီးဖိုရောဒေါခေါ၊ ကေကောကျေးရွာအုပ်စု (၃) အုပ်စုမှ (၄.၂.၂၀၁၉)ရက်နေ့တွင် လည်းကောင်း၊ တော်ခူနှင့်ဒိုးလာစောကျေးရွာ အုပ်စု(၂) အုပ်စုမှ (၈.၃.၂၀၁၉)ရက်နေ့တွင်လည်းကောင်း ရရှိခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် တစ်လတစ်ကြိမ်ပုံမှန်ခွင့်ပြုမိန့် တောင်းခံနေရသဖြင့် အလုံးစုံစိတ်ချရမှုမရှိပဲ လုံခြုံရေး အခြေအနေမှာ ကန့်သတ်နယ်မြေအဖြစ် အချိန်မရွေးပြောင်းလဲသွားနိုင်သည့် အနေအထားတွင် ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်အနေဖြင့် ခက်ခဲသောဒေသဖြစ်သည့် အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံရှိပြီး ၄င်းအဖွဲ့အစည်းများမှာ မိမိတို့ ထိန်းချုပ်သည့်ဒေသများကန့်သတ်ထားသဖြင့် ဝန်ထမ်းများအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်တောင်းခံရယူပြီးမှသာ ကျေးရွာ များသို့ ကွင်းဆင်းဆောင်ရွက်နေရပါသည်။

ကယားပြည်နယ်၏ လက်ရှိဒေသငြိမ်းချမ်းရေးဖြစ်စဉ်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မြန်မာအစိုးရတို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဆင့်တွင်သာ ရှိနေသေးသဖြင့် ဝန်ထမ်း များအနေဖြင့် ကွင်းဆင်းရာတွင် လုံခြုံမှုအာမခံချက်မရှိဘဲဖြစ်နေပါသည်။ တနိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်ကိုလည်း လက်မှတ်ရေးထိုးမှု မရှိသေးသဖြင့် ဝန်ထမ်းများအနေဖြင့် ကွင်းဆင်းလိုသည့် အချိန်တိုင်း ကွင်းဆင်း၍ မရနိုင်ဘဲဖြစ်နေပါသည်။

**ကြာအင်းဆိပ်မြို့နယ်**

သို့သော် KNU အုပ်ချုပ်မှုလက်အောက်ရှိ ခွာပေါးအုပ်စု (၁)အုပ်စုရှိ ကျေးရွာ(၁၀)ရွာနှင့် NMSP အုပ်ချုပ်မှုအောက်ရှိ ပြောင်မထိန်အုပ်စု (၁)အုပ်စုရှိ (၁၁)ရွာမှာ လက်ရှိတွင် ခွင့်ပြုချက်မရရှိ၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိ သေးပါ။

**လှိုင်းဘွဲ့မြို့နယ်**

ရေတံခွန်ကျေးရွာအုပ်စုတွင် KNU နယ်မြေမှူးမှ အုပ်စုအတွင်း စီမံကိန်းဆောင်ရွက်မှုအား တားဆီးပိတ်ပင်မှု ရှိခဲ့ပါသည်။ လတ်တလောတွင် ရှမ်းရွာသစ်မြို့ KNUခေါင်းဆောင် ဗိုလ်အယ်ထီးကော်နှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ KNUနယ်မြေမှူးနှင့် တွေ့ဆုံညှိနှိုင်းခြင်းများ ဆောင်ရွက်ထားပြီး ဖြစ်သည်။

**ကော့ကရိတ်မြို့နယ်**

ဒေသလုံခြုံရေးအနေအထားများကြောင့် အမျိုးသမီးဝန်ထမ်းများကို တစ်ဦးတည်းသွားလာစေရန်အခက်အခဲရှိသောကြောင့် နှစ်ဦး၊ သုံးဦးတွဲ၍သွားလာစေရသောကြောင့် တခါတရံ လုပ်ငန်းများ နှောက်နှေးခြင်း။

**မတူပီမြို့နယ်**

သဘာဝဘေး မိုးရွာသွန်းမှုကြောင့် လမ်းမြေပြိုခြင်း၊ ရေကြီးခြင်း စသောသဘာဝဘေးကြောင့် ရံဖန်ရံခါအခက်ခဲကြုံရသည်မှလွဲ၍ အခြားမရှိပါ။

**တွန်းဇံမြို့နယ်**

မိုးတွင်းကာလဖြစ်သည့်အတွက်ဝန်ထမ်းများကွင်းဆင်းရာတွင် လမ်းချော်ခြင်း၊ မြေပြိုခြင်း နှင့် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။ တွန်းဇံမြို့နယ်၊ ကျီခါးမြို့ Cluster (4) တွင် ပါဝင်သည့် တုန်ကျင်းအုပ်စု ၊ တုန်ကျင်းကျေးရွာနှင့် ပန်းမွာလ်အုပ်စု ၊ ပန်းမွာလ်ကျေးရွာတို့သည် အိန္ဒိယ နိုင်ငံ မီဇိုရမ်ပြည်နယ်စပ်မှ ဖြတ်သန်းပြီး သွားလာရသဖြင့် လိုအပ်သည့် အထောက်အထားများနှင့် ထောက်ခံချက်များ တောင်းခံလာပါသည်။ ဆိုင်ကယ်များသည် အပိုပစ္စည်း မရရှိသေးသည့်အတွက် ကွင်းဆင်းရာတွင် ဝန်ထမ်းများအတွက် Safety အားနည်းပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင်စီမံကိန်းဆောင်ရွက်မှု အနေဖြင့် ရဲသောင်ကျေးရွာအုပ်စု (အုပ်စုတွင်း ကျေးရွာစုစုပေါင်း ၉ရွာ) သည် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပြီး ပထမနှစ်စက်ဝန်းတွင် စီမံကိန်းဆောင်ရွက်မှု ယာယီရပ်ဆိုင်းထားခဲ့ ရပါသည်။ ဒုတိယနှစ်စက်ဝန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ရန် တင်ပြထားပြီး ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် နယ်မြေလုံခြုံမှု နှင့် ပတ်သက်၍ အခက်အခဲ အဟန့်အတား မရှိပါကြောင်း တင်ပြအပ်ပါသည်။

**မဘိမ်းမြို့နယ်**

နယ်မြေလုံခြုံရေးတွင် ကြီးမားသော အခက်အခဲ မရှိသော်လည်း တစ်ခါတရံ ကျေးရွာများ သို့ သွားရသော တောလမ်းများတွင် လုရက်မှုများရှိကြောင်း သိရှိရဖြင့် စီမံကိန်းဝန်ထမ်း များ အတွက် စိုးရိမ်စိတ်များဖြင့် သွားလာနေရပါသည်။

**၁၅။ အထောက်အပံ့လိုအပ်ချက်များ**

**၃၁။ (က) နည်းပညာ**

**ပုဏ္ဏာကျွန်းမြို့နယ်**

ပြည်နယ်လူထုဗဟိုပြုစီမံကိန်း(ရုံးခွဲ)တွင် တာဝန်ပေးအပ်ထားသော Infra and Safeguard Assistant များမှ လက်ထောက်နည်းပညာမှူးများအား အနီးကပ်ကူညီပံ့ပိုးပေးပါရန်။

**ဝမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD သင်တန်းများ လိုအပ်ပါသည်။

**ပလက်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သားများရရှိပါက လုပ်ငန်းဆောင်ရွက်ရာတွင်ပိုမိုအဆင်ပြေနိုင်မည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် နည်းပညာအထောက်အပံ့ လိုအပ်ချက်များမှာ DRD ဖက်မှ Infrastructure & Procurement တွဲဖက်ဝန်ထမ်းတို့မှာ CDD မဟုတ်သော အခြားမြို့နယ်မှ ပြောင်းရွှေ့လာသော ဝန်ထမ်းများဖြစ်ပါသဖြင့် CDD နှင့် ပတ်သက်သော သင်တန်းများကို ပေးစေလိုပါသည်။( အထူးသဖြင့် Infrastructure အတွက်ပေးစေလိုပါသည်။)

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် နည်းပညာ အထောက်အပံ့လိုအပ်ချက်များတွင် ဒုတိယနှစ်စက်ဝန်းအတွက် Steel Structure Training & Electrification Estimation Training များ ထောက်ပံ့ပေးရန်တို့ ဖြစ်ပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် အနေဖြင့် တင်ပြထားသည်မှာ MIS အသုံးပြု နိုင်ရန်အတွက် အသုံးပြုနိုင်သည့် သင်တန်းများ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှ တင်ပြထားသည်မှာ မီးလင်းရေး လုပ်ငန်းများအတွက် နည်းပညာပေး သင်တန်းများ ပံ့ပိုးပေးစေလိုပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ် အနေဖြင့် Union Infra Team မှလာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ် စေလိုပါ သည်။ Union M&E များ အနေဖြင့် အခါအားလျှော်စွာ ကွင်းဆင်း လေ့လာပြီး လိုအပ်သည်များ ကိုဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်စေလိုပါသည်။ Union Finance နှင့် Procurement များမှ လည်း စီမံကိန်း မြို့နယ်များသို့ ကွင်းဆင်းလေ့ လာပြီး လိုအပ် သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်စေလို ပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် 2D/3D ပညာရပ်များ နည်းပညာများ လိုအပ်နေပါကြောင်းတင်ပြအပ်ပါသည်။

**သာပေါင်းမြို့နယ်**

လုပ်ငန်းများအားလုံး ပြီးစီးလုနီးပါးဖြစ်နေ၍ လည်းကောင်း၊ Regional Infra မှ ကွင်းဆင်း ဆောင်ရွက်နေမှုကြောင့်နည်းပညာအကူအညီပြည့်စုံပါသည်။

**ငပုတောမြို့နယ်**

စီမံကိန်းစက်ဝန်းရှိ လုပ်ငန်းစဉ်အဆင့်ဆင့် အရည်အသွေးမီဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းဝန်ထမ်းများအတွက်လိုအပ်သော စွမ်းဆောင်ရည်မြှင့် သင်တန်းများဖြစ်သည့် Computer Training, Community Management Training ကဲ့သို့သောသင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။

**ဓနုဖြူမြို့နယ်**

တိုင်းဒေသကြီးနှင့်နေပြည်တော်အဆင့်မှ ဒုတိယနှစ် စီမံကိန်းမစတင်မီ (အချိန်မီ) ပြောင်းလဲသွားသော Update သတင်းအချက်အလက်များကို မြေပြင်တွင် လက်တွေ့ ကွင်းဆောင်ရွက်နေသော လက်ထောက်နည်းပညာမှူးများဆီသို့ ပို့ပေးမည်ဆိုပါက စီမံကိန်းဆောင်ရွက်ရာတွင် ပိုမိုအောင် ဆောင်ရွက်နိုင်ပါမည်။

**ညောင်ဦးမြို့နယ်**

မြို့နယ်များတွင် Level တိုင်းတာရေး ကိရိယာများ၊CBR တိုင်းသည့် ကိရိယာများ လိုအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

လိုအပ်သော နည်းပညာအထောက်အပံ့များကို **Union,**တိုင်း၊ မြို့နယ် **Infra** တို့မှပူးပေါင်းဆောင်ရွက်ကြပါသည်။

**ပျော်ဘွယ်မြို့နယ်**

**TF** ဝန်ထမ်း(၂)ဦးအလုပ်မှထွက်သွားသဖြင့် ပြန်လည် အစားထိုး ခန့်ထားပါသည်။ ၄င်းတာဝန်ကျရာနေရာရှိလုပ်ငန်းများအား နောက်ဆုံးမှ စတင်ခဲ့ရပါသည်။ အတွေ့အကြုံအရ နည်းနေသေးသဖြင့် အနီးကပ်ကြီးကြပ်မှု ပေးနိုင်ရန် လိုအပ်ပါမည်။

**ကော့မှူးမြို့နယ်**

ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများလိုအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်အား စီမံကိန်းလုပ်ငန်းမစတင်မီတွင် အချိန်မီရရှိအောင် ပြုလုပ်ပေးစေလိုပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လအကုန်တွင် ရံပုံငွေတောင်းခံမှုအား အပြီးဆောင်ရွက်ရန် ညွှန်ကြား ထားခြင်းကြောင့် ဩဂုတ်လတွင် စတုတ္ထနှစ်အတွက် လုပ်ငန်းများ ပြန်လည်စတင်ရန် လိုအပ်နေပြီ ဖြစ်ပါသည်။

လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ပြည်ထောင်စုအဆင့် အနေဖြင့် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ် ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ မွန်းမံသင်တန်းများ လုပ်ငန်းမစတင်မီ ပြန်လည်ပြုလုပ်ပေး စေလိုပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများအားများ ဆောင်ရွက်ပေးသင့်ပါသည်။

**လှိုင်ကော်+ရွားတောမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများတွက်ချက်ရာတွင် အဆောက်အဦရေိယာဈေးနှုန်း (PAE rate) နည်းသောကြောင့်ကန်ထရိုက်များရှာဖွေရာတွင်ခက်ခဲ့ခြင်းများကြုံတွေ့ရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

Counterpartများဖြစ်သည့် M&E,MIS နှင့် Infra တာ၀န်ခံများမှ အချိန်ပြည့် တာ၀န်ယူဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။ ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲအလိုက် စာရင်းဇယားများ၊ ဘဏ္ဍာရေးဖိုင်၊ ၀ယ်ယူရေးဖိုင်၊ Sub Project ဖိုင်များအား **TTA** နည်းပညာအဖွဲ့များမှ အချိန်နှင့်တပြေးညီစစ်ဆေးပြီး၊ **DRD**သို့ စနစ်တကျ လွှဲပြောင်းပေးနိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်မှုများပေးစေလိုပါကြောင်း တင်ပြအပ်ပါ သည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဆွပ်ဖကျေးရွာ၊ အင်ဂျင်ပါ၀ါဖြင့် ဆောင်ရွက်သော ရေပေးရေးတစ်ခုအား ပြည်နယ် နည်းပညာအဖွဲ့များ အမြန်ဆုံးအပြီးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

အသစ်ခန့်အပ်သည့် လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများမှာ ကျောင်းစီမံကိန်းအတွေ့အကြုံနည်းပါးသေးသဖြင့် အခက်အခဲရှိသော်လည်း စီမံကိန်း တာ၀န်ရှိသူ များမှ (TTA,DRD Counterpart နှင့် CF,TFများ) နည်းပညာများ သင်ကြားပို့ချပြသပေးကာ လုပ်ငန်း ခွင်တွင် အဆင်ပြေအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

Level Test အသုံးပြုနည်းသင်ကြားပေးရန် တင်ပြအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

ကော့ကရိတ်မြို့နယ်လူထုဗဟိုပြုစီမံကိန်းအတွက် **State Infra** သီးသန့်တစ်ဦးထားရှိပေးလျှင် ပိုမိုထိရောက်အဆင်ပြေစေနိုင်ပါမည်။

**မတူပီမြို့နယ်**

အသေးစားရေအားလျှပ်စစ်၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းများအတွက် နည်းပညာ ပိုင်းဆိုင်ရာတွက်ချက်မှု သင်တန်းများဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများ - Auto card training, Water, Electricity, Structure training သက်ကြားပေးစေချင်ပါသည်။

**ပျဉ်းမနားမြို့နယ်**

စတုတ္ထနှစ် စက်ဝန်းအတွက် TFs များအား Estimation နှင့် အခြားလိုအပ်သည့် နည်းပညာသင်တန်းပေးရန်လိုအပ်ပါသည်။CFs နှင့် TFs များအတွက် Procurement သင်တန်းများ ၊O&M သင်တန်းများပေးရန် လိုအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် လက်ထောက်နည်းပညာမှူးများလစ်လပ်လျှက်ရှိပြီး အစားထိုး ခန့်အပ်နိုင်ခြင်းမရှိသေးသည့်အတွက် အချို့သောလုပ်ငန်းများမှာ အချိန်မှီ ပြီးစီးရန် ကြန့်ကြာမှုများ ရှိနေသည့်အတွက် တိုင်းဒေသကြီးအင်ဂျင်နီယာမှ အနီးကပ် ပံ့ပိုးမှုများလိုအပ်လျှက်ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်အနေဖြင့် လက်ထောက်နည်းပညာမှူးများ အား Steel Structure Training **နှင့်** Reinforced Concrete Training ရရှိရန် တင်ပြတောင်းဆိုထားပါသည်။ သဲကုန်းမြို့နယ်အား TOT သင်တန်း ထပ်မံပေးစေလိုပါသည်။

**မိုးကောင်းမြို့နယ်**

နောက်ဆုံးနှစ်စီမံကိန်းစက်ဂန်းတွင် ပြည်နယ်အဆင့်မှ TF များအား Design, Estimate များ တွက်ချက်ရာတွင် ကူညီပေးစေလိုပါသည်။

**ပူတာအိုမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် AutoCAD သင်တန်းလိုအပ်လျှက်ရှိပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူး မွမ်းမံသင်တန်းများအားစီမံကိန်းလုပ်ငန်းခွဲများမဆောင်ရွက် မှီနှစ်စဉ်ပေးစေလိုပါသည်။ ပြည်ထောင်စုအဆင့်မှ လုပ်ငန်းခွင်အရောက် ကြည့်ရှုကြီးကြပ် ပေးစေ လိုပါသည်။

**ချောင်းဆုံမြို့နယ်**

Infar Counter Part လစ်လပ်လျက်ရှိသော်လည်း မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝန်ထမ်းများနှင့်Infar Assistance များနှင့်မြို့နယ် DRD Team

Leader, TTATeamLeaderတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ဝွမြို့နယ်**

ဟွန်ဒါဆိုင်ကယ်အကြီးများအတွက် အပိုပစ္စည်းများ ရရှိလိုပါသည်။

**ပလက်ဝမြို့နယ်**

စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းကြီးမားမှုလျှော့ချနိုင်ရန် ဆက်သွယ်ရေး လမ်းကြောင်းများဈေးနှုန်းလျှော့ချပေးနိုင်ပါရန်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် ပစ္စည်း အထောက်အပံ့လိုအပ်ချက်များတွင် စီမံကိန်းသုံးမော်တော်ဆိုင်ကယ်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်အနေဖြင့်မြို့နယ်၏ လိုအပ်ချက်အရ လက်ထောက်နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူး (၁၀) ဦး ထပ်မံခန့်အပ်ပေးထားပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းဝန်ထမ်း များအတွက် မော်တော်ဆိုင်ကယ်နှင့် Tablet များ ထပ်မံ ပံ့ပိုးပေးစေလိုပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ခနဲဖြူမြို့နယ်**

စီမံကိန်းပြီးဆုံးသွားသည့်အချိန်နှင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း အသုံးပြု ထားသောဖိုင်များအား စနစ်တကျထိမ်းသိမ်းထားရန်အတွက် ဖိုင်စင်များအချိန်မှီ ပံ့ပိုးပေးရန်။

**အင်္ဂပူမြို့နယ်**

စီမံကိန်းစက်ဝန်း တစ်နှစ်ပြီးမြောက်ပြီဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖိုင်များ သိမ်းဆည်းဖို့ရန် နေရာလိုအပ်ပါသည်။

**ငါန်းဇွန်မြို့နယ်**

စာရင်းဖိုင်များ သိမ်းဆည်းရန်အတွက် ဖိုင်တင်စင် (၁၀)စင်ခန့် လိုအပ်ပါသည်။ စီမံကိန်းမော်တော်ဆိုင်ကယ်(၃)စီးမှာ အင်ဂျင်ပိုင်ဆိုင်ရာပြင်ဆင်ရန် အထက်အဆင့်ဆင့်သို့ တင်ပြထားပြီး ပြင်ဆင်ရန်လိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

စီမံကိန်း(၄)နှစ်တာ ကာလအတွင်း ကျေးရွာပေါင်း(၂၂၀) ၏ဆောင်ရွက်ခဲ့သော ဝယ်ယူရေး၊ ဘဏ္ဍာရေး၊ အခြေခံအဆောက်အဦး၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စာအုပ်များ၊ ရုံးအသုံးစရိတ်များ အစရှိသည့်ဖိုင်များအား စနစ်တကျသေသပ်စွာ ထားရှိရန် ဖိုင်စင်များ လိုအပ်လျက်ရှိပါသည်။

**ပျော်ဘွယ်မြို့နယ်**

ကားအောက်ပိုင်းစစ်ဆေးရန်နှင့် ဘရိတ်ရှူးလဲရန်လိုအပ်နေပါသဖြင့် ပြင်ဆင်စရိတ် ခွင့်ပြုချက်တင်ပြတောင်းခံသွားပါမည်။

**နွားထိုးကြီးမြို့နယ်**

စီမံကိန်း Logo ကြွေပြားများ ရရှိရန် လိုအပ်ပါသည်။

**ကော့မှူးမြို့နယ်**

PC form များ upload လုပ်ရာတွင်အဆင်ပြေရန်အတွက် ပြင်ဆင်ရန်ရှိသည့် Tablets အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြတောင်းခံအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စီမံကိန်းပစ္စည်းများပျက်သဖြင့် တင်ပြရာတွင် အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန်ပေးစေလိုပါသည်။ သို့မှသာလျှင် လုပ်ငန်းနှောင့်နှေးမှုမရှိမှာ ဖြစ်ပါသည်။ (တက်ဘလက်များ၊ ဆိုင်ကယ်များ)စီမံကိန်းစက်ဝန်းအလိုက် ဖိုင်တွဲများထားရှိရန်အတွက် ဘီဒိုများ(သို့) ဖိုင်တွဲများ စနစ်တကျ ထားရှိနိုင်အောင် နေရာများ ဆောင်ရွက်ပေးသင့်ပါသည်။

**ကျောက်တန်းမြို့နယ်**

ယခုအချိန်သည် စီမံကိန်းကာလ တတိယနှစ်စက်ဝန်းအထိရောက်ရှိလာပြီဖြစ်သည့် အတွက် စီမံကိန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် မော်တော်ဆိုင်ကယ်များ၊ မိတ္တူကူးစက်များ၊ Printer များအတွက် ပစ္စည်းဝယ်ယူရန် အခက်အခဲရှိပါသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

Projector စက်ပျက်နေသည့်အတွက် သင်တန်းများပေးရာတွင် လည်းကောင်း၊ အစည်းအဝေးပြုလုပ်ရာတွင်လည်းကောင်း၊ အနည်းငယ်အခက်အခဲများရှိခဲ့ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

စီမံကိန်းစက်ဝန်း(၄)နှစ်စာ စာရင်းဇယားဖိုင်များ စနစ်တကျသိမ်းဆည်းနိုင်ရန် ရုံးသုံး ဖိုင်တင်စင်များ မလုံလောက်သဖြင့် ထပ်မံဝယ်ယူခွင့်ပြုပေး စေလိုပါကြောင်း တင်ပြအပ်ပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်အနေဖြင့် စီမံကိန်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် စာရင်းဇယားများ စနစ်တကျသိမ်းဆည်းနိုင်ရန် ဖိုင်စင်(၃)ခု လိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

TMSR **နှင့်** VDP **Workshop** များတွင် လိုအပ်သော စာရင်းဇယားများ **VDP Book** များ ကူးယူနိုင်ရန်မိတ္တူစက်(၁)လုံးအား အချိန်မီပြင်ဆင်ထိန်းသိမ်းရန် လိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

မော်တော်ဆိုင်ကယ်အကြီး (HONDA-DT-125) (၂)စီးအား ပြန်လည်ပြင်ဆင်နိုင် ရေးပြည်ထောင်စုအဆင့်မှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ဗီဒီယိုကင်မရာ(၁)လုံး လိုအပ်လျှက်ရှိပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါ သည်။

**ကြာအင်းဆိပ်မြို့နယ်**

Finance Sector အတွက် သီးခြား Lap Top တစ်လုံးလိုအပ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ဆိုင်ကယ်ချိန်းပတ်ကြိုး(တောင်တက်လျှင်သုံးသော တာယာတွင် ပတ်ရသောကြိုး) ဝယ်ယူ၍မရသောကြောင့် ဝေးလန်သောတောင်ပေါ်ခရီးများအတွက် အခက်အခဲ ဖြစ်နေပါသည်။ ရုံးချုပ်ဝယ်ယူရေးဌာနမှ ကူညီဆောင်ရွက် ပေးစေလိုပါသည်။

**ကော့ကရိတ်မြို့နယ်**

ပထမနှစ်စက်ဝန်းအတွက် စာရွက်၊ စာတမ်းများထိန်းသိမ်းရန်အတွက် ကော်ပုံးများလိုအပ်ပါသည်။ ကွင်းဆင်းဝန်ထမ်းများအတွက် ၂နှစ်တစ်ကြိမ် မိုးကာအကျႌများဖြန့်ဝေပေးရန်လိုအပ်ပါသည်။

**မတူပီမြို့နယ်**

ဆိုင်ကယ်အပိုပစ္စည်းများ။ ဆိုင်ကယ်အပိုပစ္စည်းများမှာယူရာတွင် တစ်စီးချင်းစီ အတွက်လက်ရှိလိုအပ်သည့်ပစ္စည်းကိုသာ ဝယ်ယူတပ်ဆင်ခွင့်ပြုပေးခြင်းထက် ပုံမှန် လဲလှယ်ရန်လိုအပ်သည့်အပိုပစ္စည်းများကိုပါ ကြိုတင်ဝယ်ယူခွင့်ပြုပေးသင့် ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဝယ်ယူခွင့်ရရှိရေးအတွက် အဆင့်(၁) ကုမ္ပဏီသို့ဈေးနှုန်းအတည်ပြုချက်ရယူခြင်း၊ အဆင့်(၂) အဆိုပါပစ္စည်းများဝယ်ယူ ခွင့်ရရှိရေးအတွက် ခွင့်ပြုချက်တောင်းခံခြင်း၊ အဆင့် (၃) ကုမ္ပဏီသို့ပစ္စည်းမှာ ယူခြင်းစသည်ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းများပြင်ဆင်ရခြင်း၊ ပြန်လည် ညှိနှိုင်းရခြင်းမျိုးရှိပါကထို့ထက်ပင်ပိုမိုကြာမြင့်ခြင်းကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်ခဲများ ဖြစ်လာစေနိုင်ပါသည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးရန် (125)စီမံကိန်းတံဆိပ်ပါ လိုကို စတစ်ကာ များပေးပို့ပေးရန်ကြော်ငြာသင်ပုန်း၊ ကျေးရွာဖိုင် လိုအပ်လျက်ရှိပါသည်။

**လယ်ဝေးမြို့နယ်**

**Laptop** များ **window update** ပြုလုပ်ရန်လိုအပ်လျက်ရှိပါသည်။

**ပျဉ်းမနားမြို့နယ်**

လုပ်ငန်းများမြန်ဆန်စွာလည်ပတ်နိုင်ရန်အတွက် Colour Printer ကျွမ်းကျင်သူတစ်ဦးနှင့်ပြင်ဆင်ခြင်းသော်လည်းကောင်း၊အစားထိုးပြီးသော်လည်းကောင်းအထောက်အပံ့ပေးရန်လိုအပ်ပါသည်။ လက်ရှိရွာဖိုင်များ/ Infra ဖိုင်များလုံခြုံစွာထားရှိနိုင်ရေးအတွက် ဗီဒို (၄)လုံးခန့် ထပ်မံပံ့ပိုးပေးရန်လိုအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် Projector မကောင်းတော့သဖြင့် ထပ်မံပံ့ပိုးပေးစေလိုပါသည်။ စီမံကိန်းဝန်ထမ်းဟောင်းများအတွက် မိုးကာ၊ ကျောပိုးအိတ်များလည်း ထပ်မံ ပံ့ပိုးပေးစေလိုပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်အနေဖြင့် စီမံကိန်းသုံး ဆိုင်(၄)စီးလိုအပ်ပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်အနေဖြင့် မော်တော်ယာဉ် ဘီးတာယာ ပန်း(ပွိုင့်)များ ပါးနေပါသဖြင့် တာယာ အသစ်လဲနိုင်ရန် တင်ပြတောင်းခံထားပါသည်။ လက်ထောက်နည်းပညာမှူးများ အတွက် Laser Alignment စက်ပစ္စည်းရရှိရန် နှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းရရှိရန် လိုအပ်ပါသည်။ သဲကုန်းမြို့နယ်တွင် Copy စက်အကြီး(၁)လုံး၊ File စင်များ နှင့် ဆိုင်ကယ်(၁၀)စီး လိုအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

Samsung Copier နှင့် Samsung Printer စက်များပြုပြင်ပေးစေလိုပါသည်။

**ပူတာအိုမြို့နယ်**

First Aidများ၊ CDD Logoပါ စတစ်ကာများ၊အကြံပြုစာအိတ်များ၊ ဆိုင်ကယ်လေထိုးတံ များလိုအပ်လျှက်ရှိပါသည်။နေပြည်တော်(ရုံးချုပ်)သို့ တင်ပြထားသော ဆိုင်ကယ် အပိုပစ္စည်းလိုအပ် ချက်များ ရောက်ရှိခြင်းမရှိသေးပါ။ ပျက်စီးသွားသောPower Bank များကို အစားထိုး ထုတ်ပေးရန် လိုအပ်ပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူး(၂)ဦးအတွက် စီမံကိန်းဆိုင်ကယ်(၂)စီး လိုအပ်နေပါသည်။ လက်ထောက်နည်းပညာမှူး(၁)ဦး၏ Tablet အားအမြန်ဆုံးပြုပြင်၍ ပြန်လည်ပေးပို့ ပေးစေလိုပါ သည်။

**တနသ်ာရီမြို့နယ်**

ပြည်ထောင်စုအဆင့် စီမံကိန်းတာဝန်ခံများမှ လိုအပ်သောလမ်းညွှန်မှုများ ပံ့ပိုး ပေးစေလို ပါသည်။

**ဘီးလင်းမြို့နယ်**

Talet (13) လုံး၏ပျက်စီးမှုအပေါ်တင်ပြထားရှိမှု အခြေအနေအား ဆောင်ရွက်ပေးစေ ချင်ပါ သည်။

**ပေါင်မြို့နယ်**

ပျက်စီးနေသောTablet (၉)လုံး အား အစားထိုး Tablet များအမြန်ဆုံး ပြန်လည်ပေးစေ လိုပါသည်။ ပထမနှစ် ဒုတိယနှစ် တတိယနှစ်စက်ဝန်းများအတွက် စာရွက်စာတမ်းများထည့်ရန် ဗီဒို (၄)လုံး လိုအပ်ပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် ဝန်ထမ်းအထောက်အပံလိုအပ်ချက်များတွင် DRD- Finance နှင့် ပတ်သက်သောလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန် Finance အတွက် သီးခြားသတ်သတ်မှတ်မှတ် တာဝန်ပေးထားသူတစ်ဦး ချထားပေးပါရန်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် ဝန်ထမ်း အထောက်အပံ့လိုအပ်ချက်များတွင် စီမံကိန်းသုံးမော်တော်ကားနှင့် စက်လှေမောင်းနှင်ရန်အတွက် ဒရိုင်ဘာလိုအပ်နေခြင်းအား ခန့်ထားနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုပါသည်။

**ဆောမြို့နယ်**

ဝန်ထမ်းများအတွက် အသက်အာမခံထားရှိပေးရန် (ခန္ဓာကိုယ် အစိတ်အပိုင်များ အားလုံး အတွက်) ဝန်ထမ်းများအတွက် လိုအပ်သောသင်တန်းများ ထပ်မံပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ (ဥပမာ -ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ စကားပြောသင်တန်း၊ 2D/3D Audo CAD သင်တန်းများ)

**သာပေါင်းမြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ ကူညီမှုဖြင့် လေးမျက်နှာမြို့နယ်မှ TF တစ်ဦး ခေါ်ယူနိုင်ခြင်းကြောင့် အဆင်ပြေချောမွေ့ခဲ့ပါသည်။

**အင်္ဂပူမြို့နယ်**

Infra Counterpart တစ်ဦးလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

CF တစ်ဦးလစ်လပ်၍ အစားထိုးခန့်အပ်ရန်တင်ပြထားသော်လည်း ခွင့်ပြုချက် မရရှိသေးပါ။ အမြန်ခန့်အပ်ပေးစေလိုပါသည်။ **TTA Procurement** စာချုပ်ပြည့်သွားသဖြင့် **DRD procurement** မှတစ်ဦးတည်း အားလုံးဆောင်ရွက်နေရပါသဖြင့် **Procurement Officer** အမြန်ခန့်အပ် ပေးစေချင်ပါသည်။

**ညောင်ဦးမြို့နယ်**

နှုတ်ထွက်သွားသည့် ဝန်ထမ်းများရှိသော်လည်း ကျန်ရှိဝန်ထမ်းများဖြင့် ဆက်လက်ဆောင်ရွက်နေပါသည်။

**ကျောက်တန်းမြို့နယ်**

လစ်လပ်လျှက်ရှိသော လက်ထောက်နည်းပညာမှူးနေရာအား အမြန်ဆုံးပြန်လည် ခန့်ထားပေးပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဘဏ္ဍာရေးပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပါတ်ဘဏ္ဍာရေး အစီအစဉ်မဆွဲမီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ်အတွက် ပိုမိုမှန်ကန်လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃လ အတွင်းဆောင်ရွက်မည့် အစည်းအဝေး၊ သင်တန်း၊ ပြပွဲများ) ဝန်ထမ်းများထွက်သွားပါက အမြန်ဆုံး ပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။ ဝယ်ယူရေးအတွက် နည်းပညာအကြံပေးအား ပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။

**ဒီးမော့ဆိုမြို့နယ်**

၂၀၁၉ခုနှစ် စက်တင်ဘာလအတွင်း **CF/TF** ဂန်ထမ်းများမှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ ဂန်ထမ်းများစနစ်တကျလွှဲပြောင်းနိုင်ရေး လိုအပ်သည့် လမ်းညွှန်မှုများ ဆောင်ရွက်ပေးစေလိုပါကြောင်းတင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများနှင့် နည်းပညာစည်းရုံးရေးမှူးများ၏ တင်ပြချက်အရ လုပ်ငန်းလိုအပ်ချက်အပေါ် စနေနေနှင့်တနင်္ဂနွေနေ့များတွင် အလုပ်ဆင်းရပါက တစ်လလျှင် အနည်းဆုံး တစ်ရက်အစားထိုးခွင့် ပြန်လည်ခွင့်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါသည်။

ဝန်ထမ်းအပြောင်းအရွှေ့နည်းပြီး လုပ်ငန်းပိုင်းဆိုင်ရာ စိတ်အားထက်သန်မှုများ ပိုမိုရရှိလာနိုင်ရန် ဝန်ထမ်းများအတွက် Relax အစီအစဉ်များအား Unionမှ လိုအပ်သည်များ စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အချို့သော DRD counterpart များအနေဖြင့် စီမံကိန်းလုပ်ငန်းများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တို့မှ ကြီးကြပ် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

## ကြာအင်းဆိပ်မြို့နယ်

ဇွန်လအထိ လစ်လပ်နေသော နေရာများအနေဖြင့် TFs (4)ဦးနှင့် CFs (၂)ဦး အစားထိုးဆောင်ရွက်နိုင်ရန် UNION သို့ ပြည်နယ်မှတဆင့် TFs(၃)ဦးနှင့် CFs (၂)ဦးကိုသာ တောင်းခံရာတွင် CF (၂)ဦးနှင့် TF (၃)ဦးကို ခန့်ထားခွင့်ပြုချက်ရယူပြီး၍ အလုပ်ခေါ်စာ ထုတ်ပြီး ဖြစ်၍ ဇူလိုင်လ တတိယပတ်တွင် UNION သို့ တင်ပြ၍ ခန့်ထားမည်ဖြစ်ပါသည်။

မတ်လတွင်ထွက်သွားသော TFဖြစ်သူ မြတ်စုထိုက်ကို အစားထိုးရန် တောင်းခံခြင်း မပြုတော့ဘဲ ရှိနေသည့် TFs များနှင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ စီမံကိန်းပြီးဆုံးကာနီးတွင် CFs ,TFs များမှာ အခြားစီမံကိန်းများတွင် ပြောင်းရွှေ့ လျှောက်ထားကြ၍ ဝန်ထမ်းများ ထွက်ရှိမှုတို့ကို တွေ့နေရပါသည်။

နှုတ်ထွက်သွားသော လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ၏ လစ်လပ်နေရာများတွင် စီမံကိန်းပြီးဆုံးကာနီးဖြစ်သော်လည်း Phase out ကိစ္စများ၊ လိုအပ်သော အချက်အလက်များကို စုံလင်စွာ ကောက်ယူနိုင်ရန်အတွက် ပြန်လည်ကာ ခန့်ထားပေး နိုင်ပါရန်လည်း တင်ပြအပ်ပါသည်။

## ကော့ကရိတ်မြို့နယ်

လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာပိုင်းနှင်သက်ဆိုင်သော သင်တန်းများများပေးစေလိုပါသည်။

## မတူပီမြို့နယ်

ဒေသစရိတ်/ ထောက်ပံ့ကြေး၊ မတူပီမြို့နယ်ရှိကျေးရွာများသည် သွားလာရေး ခက်ခဲပြီး၊ အခြားနေမှုထိုင်မှုအတွက်ခက်ခဲသောဒေသလည်းဖြစ်ပါသည်။ သို့ဖြစ်၍ လူထုဗဟိုပြု စီမံကိန်း ဝန်ထမ်းများအား သင့်တင်သောနှုန်းတစ်ခုခုဖြင့် လစာ အပြင်ပံ့ပိုးမှုပြုလုပ်ပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

TDRD (Infra) CDD ဝန်ထမ်း ပြန်လည်ခန့်အပ်ပေးပါရန် တင်ပြအပ်ပါသည်။

**လယ်ဝေးမြို့နယ်**

Procurement DRD counterpart လစ်လပ်လျက်ရှိပြီးပြန်လည်ခန့်ထားရန် စီစဉ်လျက်ရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

လစ်လပ်နေသည့် CF တစ်ဦးနေရာတွင် ၉.၇.၂၀၁၉ ရက်နေ့တွင်ခန့်ထားရှိပြီးဖြစ်ပါသည်။ ကျောက်ကြီးမြို့နယ်တွင်လစ်လပ်နေသော CSAG နှင့် Procurement တာဝန်ခံတို့အား အမြန်ဆုံးခန့်အပ်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်အနေဖြင့် ဒုတိယနှစ်စက်ဝန်းတွင် အမည်မပေါက်သော ကျေးရွာများအား စီမံကိန်းဆောင်ရွက်ရန် ရှိပါသဖြင့် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ လိုအပ်ချက်ရှိပါသည်။

**မိုးကောင်းမြို့နယ်**

CSAG နေရာတွင် DRD Counterpart ခန့်ထားပေးပါရန် တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများမိခင်ဌာနလုပ်ငန်း များရှိနေ၍စီမံကိန်းတွင်အချိန်ပေးနိုင်မှုနည်းပါးလျှက်ရှိပါသည်။

**ဘီးလင်းမြို့နယ်**

စီမံကိန်းကာလကျော်လွန်ပါက ကျန်ရှိလုပ်ငန်းခွဲများအတွက် ဝန်ထမ်းလိုအပ်ပါက ဆက်လက်ထားရှိဆောင်ရွက် ပေးစေချင်ပါသည်။

## ၁၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ

### ကနီမြို့နယ်

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် အထောက်အပံ့လိုအပ်ချက် အကြံပြုချက်တွင် အထက်တွင်ဖော်ပြထားသော အချက်အလက်များအား အမြန်ဆုံးကူညီဆောင်ရွက် ပေးပါရန် အကြံပြုအပ်ပါသည်။

### မင်းတုန်းမြို့နယ်

မင်းတုန်းမြို့နယ်အနေဖြင့် ကျေးရွာအဆင့်သင်တန်း များကို အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း၊ Phase Out နှင့်ပတ်သတ်သည့် လမ်းညွှန်ချက်များ အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း၊ လျှပ်စစ်ပစ္စည်းများနှင့် ပတ်သတ်၍ ဂယ်ယူပြင်ဆင်ရန်လွယ်ကူသည့် စက်ပစ္စည်းများ ပံပိုးပေး စေလိုပါကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။။

### ပေါက်မြို့နယ်

စီမံကိန်း စက်ဝန်းတိုင်းတွင် လည်ပါတ်ထိန်းသိမ်းရေး သင်တန်းများ ပေးစေလိုပါကြောင်း၊ စီမံကိန်းလွန်ကာလတွင် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကြိုတင်ပေးစေ လိုပါကြောင်း တင်ပြအပ်ပါသည်။

### ထီးလင်းမြို့နယ်

စီမံကိန်းစက်ဝန်းတိုင်းတွင် လည်ပါတ်ထိန်းသိမ်းရေးသင်တန်းများ ပေးစေလိုပါသည်။

### ဆောမြို့နယ်

OM အားအချိန်နှင့် တပြေးညီ ပြန်လည်ပြင်ဆင်ချက် ပေးပို့ပါရန်လိုအပ်ကြောင်း၊ CSAGS (TTA) အား (၄) နှစ် စီမံကိန်းပြီးသည်အထိ ထားရှိပေးစေလိုကြောင်း၊ Procurement refresher training အား ပြန်လည် ပို့ချပေး စေလိုကြောင်းတင်ပြအပ်ပါသည်။

### ငပုတောမြို့နယ်

ငပုတောမြို့နယ်သည် နယ်မြေဧရိယာကျယ်ပြန့်ခြင်း၊ ငရုတ်ကောင်း Clusterနှင့် ဟိုင်းကြီးကျွန်း Cluster များသို့ ဝန်ထမ်းများ ကွင်းဆင်းရာတွင် ပုသိမ်မြို့နယ် မှတဆင့် သွားရခြင်း၊ မြစ်လက်တက်၊ ချောင်းလက်တက်များ များပြားလွန်းခြင်း တို့ကြောင့် ကူးတို့စက်လှေ၊ ဆိုင်ကယ်များကို အသုံးပြုရခြင်း စသည့်အချက်များ ကြောင့် ကွင်းဆင်း ခရီးစရိတ် ပိုမိုကုန်ကျမှုရှိပါသည်။

**ငါန်းဇွန်မြို့နယ်**

စီမံကိန်းကာလမပြီးဆုံးမီ Phase out Guideline အချိန်မီရရှိရန် အကြံပြု ပါသည်။

**ညောင်ဦးမြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့်အတွက် Phase Out guide-line ကို အမြန်ပေးပို့သင့်ပါသည်။ စီမံကိန်းမြို့နယ်အသစ်များအတွက် ယခုထက်ပို၍အောင်မြင်မှုများရရှိစေရန် နောင်တွင် စီမံကိန်းဝန်ထမ်းများအား Union နှင့် Region မှ တာဝန်ရှိသူများက သင်တန်းများပေးသင့်ပါသည်။

လူထုပူးပေါင်းပါဝင်မှု ပိုမိုရရှိရန် စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများကို နည်းလမ်းမျိုးစုံ ( TV,Pamphlet,Vinyl,Poster,Journal,Newspaper )စသည်တို့ဖြင့် အသိပေးသင့်ပါသည်။ ပြည်ထောင်စုအဆင့်မှ လိုအပ်သော အမိန့်ညွှန်ကြားချက် များအား အချိန်မီ ထုတ်ပေးသင့်ပါသည်။

O&M ရံပုံငွေများကို စီမံကိန်းပထမနှစ် စက်ဝန်းမှစတင်၍ ကောက်ခံစုဆောင်း သုံးစွဲသည့် အလေ့အကျင့်များရရှိစေရန် စည်းမျဉ်းချမှတ်သင့်ပါသည်။ ကျေးရွာတိုင်းအား လူထုထည့်ဝင်ငွေများ မပြစ်မနေထည့်ဝင်စေရန် ဆောင်ရွက်သင့်ပါသည်။ စီမံကိန်းဝန်ထမ်းများအား(၄)နှစ်တာ ပြီးဆုံးသည် အထိ ( အရေးကြီး ကိစ္စများမှအပ ) တာဝန် ထမ်းဆောင်စေသင့်ပါသည်။

**ရမည်းသင်းမြို့နယ်**

အချို့ဝေဖန်အကြံပြု တိုင်ကြားစာများသည် မြို့နယ်မှ စီမံကိန်း လမ်းစဉ် အတိုင်း ညှိနှိုင်း ဖြေရှင်းထားသော်လည်း တိုင်ကြားသူများမှ ကျေးရွာတွင်း မသင့်မြတ်မှုများ အကြောင်းပြုပြီး အဆင့်ဆင့် တိုင်ကြားနေသဖြင့် အဆင့်ဆင့် လာရောက်ဖြေရှင်း နေရခြင်းအတွက် မြို့နယ်တွင် လုပ်ငန်း နှောင့်နှေးမှု များရှိပါသည်။

**နွားထိုးကြီးမြို့နယ်**

စီမံကိန်းဝင်ကျေးရွာတိုင်းတွင် ရေဆိုးထုတ်ရေလမ်းကြောင်းများမှ ရေဆိုးများ အဆင်ပြေစွာ ထွက်ရှိနိုင်ရန် တိုင်းတာဖော်ထုတ်ဆောင်ရွက်သင့်ပါသည်။

**ကော့မှူးမြို့နယ်**

ဈေးနှုန်းစုံစမ်းမှုကာလအား(၃)ရက်(သို့) (၇)ရက်သာ ဖြစ်စေချင်ပါသည်။ သက်ဆိုင်ရာဌာနမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်လည်ပတ် ထိန်းသိမ်းရေးကော်မတီကို လုပ်ငန်းလုပ်ဆောင်ရန် တိုက်ရိုက် တာဝန်ပေးအပ်ခြင်း၊ စိစစ်ခြင်းများပြုလုပ်သင့်ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေး သင်တန်းအား စနစ် တကျသင်ကြားပေးသင့်ပါသည်။

**ကျောက်တန်းမြို့နယ်**

ပျက်စီးနေသော ပစ္စည်းများအား အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

ကျေးရွာအဆင့်အတွက် စာရွက်စာတမ်းများ၊ ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်များ ပြည့်စုံစွာ ရှိသကဲ့သို့ ကျေးရွာအုပ်စုအဆင့်အတွက် အစီအစဉ်များပိုမိုပြည့်စုံအောင် ထားရှိနိုင်ပါကကျေးရွာ အုပ်စုဖွံ့ဖြိုးမှုအတွက်ပိုမိုကောင်းမွန်နိုင်မည်ဟု အကြံပြုအပ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေးရွာလူထု၏ ယုံကြည်မှု ရရှိလာပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်းများ တွေ့ရှိရသော်လည်း စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ရှိပါက အမှန်တကယ် ပူးပေါင်း ဆောင်ရွက်မှုအားကောင်းသော ကျေးရွာ အုပ်စု၊ ကျေးရွာများကိုသာ ဦးစားပေး၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှသာ ပိုမိုအောင်မြင် လာနိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန် လည်ပတ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ် များအား ကျေးရွာကော်မတီ၊ ကျေးရွာလူထုများသို့ လိုအပ်သည့်နည်းပညာများ၊ သင်တန်းများ၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအား သင်ကြားပြသ ဆောင်ရွက်ပေးစေ လိုပါကြောင်း တင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်၏ နယ်မြေဒေသအခြေအနေအရ လာမည့်နှစ် စီမံကိန်းစက်ဝန်း မစတင်မီ သက်ဆိုင်ရာပြည်နယ်၊ ပြည်ထောင်စုအဆင့်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံပြီး ဝင်ခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ် ပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်အနေဖြင့် ခရီးဝေးကွာခြင်း၊ နယ်မြေဒေသ ခက်ခဲခြင်းများကြောင့် ထောက်ပံ့ရန်ပုံငွေ(BG)များကို စီမံကိန်းလက်စွဲပါအတိုင်း ခွင့်ပြုခြင်း မဟုတ်ပဲ ဒေသအလိုက် လိုအပ်ချက်များအပေါ်အခြေခံပြီး ရန်ပုံငွေ ထောက်ပံ့ပေး စေလိုပါ ကြောင်း တင်ပြအပ်ပါသည်။

စတုတ္ထနှစ်စက်ဝန်းစီမံကိန်းအကောင်အထည်ဖော်ပြီးပါက လုပ်ငန်းများ ရေရှည် တည်တံ့ နိုင်ရေးအတွက် လည်ပတ်ထိန်းသိမ်းရေးအစီအစဉ်များကို တိကျသော စည်းမျဉ်းများဖြင့် ရေးဆွဲ ချပြလမ်းညွှန်ပေးပါရန် တင်ပြအပ်ပါသည်။ ဝန်ကြီးချုပ်၊ ဝန်ကြီးအဆင့် တက်ရောက်သည့် ဖွင့်ပွဲ အခမ်းအနားများအတွက် ဖွင့်ပွဲအသုံးစရိတ်ကို သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

Conflict area အတွင်း တာဝန်ကျဝန်ထမ်းများအနေဖြင့် မမျှော်မှန်းနိုင်သည့် အသက်အန္တရာယ်များကြုံတွေ့နိုင်ပါသဖြင့် အသက်အာမခံကြေးငွေများအား သတ်မှတ်ခွင့် ပြုပေးစေလိုပါကြောင်းတင်ပြအပ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

နောက်ဆုံးနှစ် စီမံကိန်းမြို့နယ်များရှိ ဘဏ်စာရင်းတွင် အနည်းဆုံးထားရှိရမည့် ပမာဏကို တိတိကျကျ ညွှန်ကြားပေးစေလိုပါသည်။ အခွန်ဆိုင်ရာ ကိစ္စရပ်များအား လုပ်ငန်းမစတင်မီ ရှင်းလင်းစွာ ညွှန်ကြားပေးပါရန် တင်ပြအပ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်နှင့် ပိုင်ကျုံမြို့တွင် ရုံးထိုင်သော KNUတပ်မဟာ(၇)၏ တာဝန်ရှိသူများနှင့် ရုံးချုပ်မှ စီမံကိန်းတာဝန်ခံများ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပေးပါရန် အကူအညီ တောင်းခံအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

နှစ်စဉ်မွမ်းမံထားသော စီမံကိန်းလက်စွဲအား သက်ဆိုင်ရာမြို့နယ်များသို့ အချိန်မှီပို့ပေးစေလိုပါသည်။ စီမံကိန်းကျေးရွာများရှိကော်မတီဝင်များ အမြင်ပွင့်၊ ဗဟုသုတတိုးပွားလာစေရန် အခြားမြို့နယ်များသို့ လေ့လာရေးခရီးပို့ပေးစေလိုပါသည်။ ပြည်နယ်အဆင့်/ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ sector အလိုက် ၃လတစ်ကြိမ် monitoring လာရောက် ကြီးကြပ်ပေးစေလိုပါသည်။

**မတူပီမြို့နယ်**

အစီရင်ခံစာများ၊ အချက်အလက်များတောင်းခံမှု။ စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များ၊ အစီရင်ခံစာများတောင်းခံရာတွင် ပုံမှန်ပြုစုနေကျပုံစံဖြင့် သာတောင်းခံစေလိုပါသည်။ အချို့အချက်အလက်များပြားသည့် စာရင်းများမှာ ပုံမှန်စာရင်းမှ လတ်တလောတောင်းခံသည့် စာရင်းပုံစံသို့ထည့်သွင်းရန်အချိန် ကြာမြင့်ခြင်း၊ အခက်အခဲရှိခြင်းမျိုး ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။

**ပျဉ်းမနားမြို့နယ်**

ဖိုင်များလုံခြုံစွာသိမ်းဆည်းထားနိုင်ရေးအတွက် သင့်တော်သည့် ဗီဒိုများ အချိန်မှီ ခွင့်ပြုသင့်ပါကြောင်းတင်ပြအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်အနေဖြင့် တိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ ဆင်းပြီး ပံ့ပိုးကူညီမှုများပြုလုပ် ပေးစေလိုပါသည်။ ကျောက်ကြီးမြို့နယ်သည် နောက်ဆုံးနှစ် စီမံကိန်းတွင်ပါဝင်နေသည့်အတွက် စီမံကိန်း မပြီးခင်လုပ်ဆောင် ရမည့်လုပ်ငန်းစဉ်များအား အချိန်မှီ လမ်းညွှန်ပေးစေလိုပါသည်။ ကျောက်ကြီးမြို့နယ်၊ မုန်းဒေသရှိစီမံကိန်းလုပ်ငန်းမှာ တစ်နှစ် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်နေသေးသည့်အတွက် ဆက်လက်ခန့်အပ်မည့် ဝန်ထမ်း များကိစ္စနှင့် စီမံကိန်းပြီးစီးရန် နောက်ကျနေသည့်လုပ်ငန်းများအတွက် ထားရှိရမည့်ဝန်ထမ်းများကိစ္စ အားအချိန်မှီ လမ်းညွှန်ပံ့ပိုးပေးနိုင်ရန်အကြံပြုအပ်ပါသည်။

ပန်းတောင်းမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်း ညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်အနေဖြင့်ကျေးရွာပြည်သူလူထုအနေဖြင့် စီမံကိန်းသဘောတရားများပိုမို သိရှိနားလည်လာနိုင်စေရန် အတွက် စီမံကိန်းဆိုင်ရာ သတင်းအချက် အလက်များပါဝင်သော လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ ထပ်မံလိုအပ်ပါသည်။ ပထမနှစ်မှ ဖြန့်ဝေ ထားသော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များပါဝင်သော ဗီနိုင်းများသည် ရာသီဥတုဒဏ် ကြောင့် စုတ်ပြဲပျက်စီးကုန်ပြီဖြစ်ပါသဖြင့် ထပ်မံဖြန့်ဝေပေးစေလိုပါသည်။

**ရွှေကူမြို့နယ်**

ဖြည့်စွက်ရမည့်ဖောင်ပုံစံများ အပြောင်းအလဲရှိပါက အချိန်မီပေးပို့စေလိုပါသည်။

**တနင်္သာရီမြို့နယ်**

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် စတုတ္ထနှစ် စက်ဝန်းသို့ရောက်ရှိပြီဖြစ်၍ ကျေးရွာများတွင် မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိနိုင်ရန်၊ လည်ပတ်ပြင်ထိန်းအစီအစဉ်များ စနစ်တကျ အကောင်အထည် ဖေါ်ဆောင်ရွက်နိုင်ရန်နှင့် ကျေးရွာ ၏လိုအပ်ချက်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် စနစ်တကျ ညှိနှိုင်းဆောင်ရွက် တတ်လာရန် အတွက် ပြည်ထောင်စုအဆင့်မှ လိုအပ်သော လမ်းညွှန်မှုများ ပံ့ပိုးပေးပါက ပိုမို ထိရောက်နိုင်မည် ဖြစ်ပါသည်။

**ချောင်းဆုံမြို့နယ်**

အစီရင်ခံသည့်(၃)လပတ်အတွင်းနည်းပညာ၊ ပစ္စည်း၊ ဝန်ထမ်းတို့တွင်အခက်အခဲမရှိသော် လည်း ချောင်းဆုံမြို့နယ်တွင် ဧပြီလ(၁)လလုံးရွာတိုင်းဘုရားပွဲရှိခြင်းကြောင့် ကော်မတီဝင်များမှ

လုပ်ငန်းများဆောင်ရွက်ရာတွင် နောက်နေးခြင်းနှင့် မိုးများသော ကာလဖြစ်သဖြင့်လုပ်ငန်း နှောက်နေးမှုများ ဖြစ်ပေါ်ခဲ့မှုအား အနည်းငယ်ကြုံတွေ့ခဲ့ရပါသည်။

**ပေါင်မြို့နယ်**

စီမံကိန်းနောက်ဆုံးနှစ်များတွင် လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ဝန်ထမ်းများ အလုပ်ထွက်သွားသည်များကို စာချုပ်ဖြင့် (သို့) နည်းလမ်းတစ်ခုခုဖြင့် ထိန်းချုပ်ပေးစေလိုပါသည်။ ငွေကြေးချမ်းသာသောကျေးရွာများ အစည်းအဝေးပြုလုပ်ရာတွင် စိတ်ဝင်စားမှုနည်းပါးခြင်း၊ အကြိမ်ကြိမ်ဖိတ်ခေါ်ရခြင်းများ ပြုလုပ်နေရပါသည်။ စီမံကိန်းအားစိတ်မဝင်စားသော ကျေးရွာများအား ရန်ပုံငွေပေးအပ်မှု မပြုလုပ်ပဲ လိုအပ်ချက်များသော ကျေးရွာများသာ ရန်ပုံငွေပေးအပ်စေလိုပါသည်။

CSAG (TTA) အားစီမံကိန်းကာလပြီးဆုံးသည်အထိ (၄) နှစ် ခန့်အပ်ထားပေးစေလိုပါသည်။ မြို့နယ်များတွင် လုပ်ဆောင်ရသောCSAG နှင့်ပတ်သက်သော လုပ်ငန်းများတွင် CSAG (DRD-counterpart) တစ်ဦးထဲနှင့် မလုံလောက်သောကြောင့်ဖြစ်ပါသည်။

**၁၇။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် ၆၁ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) **Labour report** အား **M&E focal** နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် **CSAG** နှင့် **DRD** မှ ဦးစီးဆောင်ရွက်ရန်

(ဃ) **CF** များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား **political role** အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကြွယ်ဝလာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် **TA/DRD** များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စုအဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) **NCDDP** ၏ ကျားမရေးရာ **stragies** ပြင်ဆင်ထားသည့် ပုံစံများ ကို **WB** အပါအဝင် **CDD** ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မျှဝေတင်ပြရန်

(ဃ) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြုလုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား ဇွန်လတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- **ISM 19** ကို စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား အောက်တိုဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထား သောဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှုများ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

ဇယား ၁။ ၃၀/၆/၂၀၁၉ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား

| | Year-1 | | Year-2 | | Year-3 | | Year-4 | | Year-5 | | Year-6 | | Cumulative | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | % | # | % | # | % | # | % | # | % |
| Transport | 126 | 35.30% | 743 | 41.00% | 2301 | 50.30% | 4286 | 55.90% | 5769 | 63.58% | 3782 | 52.47% | 17007 | 55.13% |
| Water Supply & Sanitation | 69 | 19.30% | 415 | 22.90% | 977 | 20.30% | 1151 | 15.00% | 753 | 8.30% | 589 | 8.17% | 3954 | 12.81% |
| Education | 118 | 33.10% | 434 | 24.00% | 961 | 19.10% | 1061 | 13.80% | 1082 | 11.93% | 823 | 11.42% | 4479 | 14.52% |
| Electrification | 26 | 7.30% | 142 | 7.80% | 206 | 4.20% | 486 | 6.30% | 662 | 7.29% | 864 | 11.99% | 2386 | 7.74% |
| Community Facilities | 15 | 4.20% | 49 | 2.70% | 135 | 2.00% | 410 | 5.30% | 658 | 7.25% | 832 | 11.54% | 2099 | 6.80% |
| Health | | | | | 33 | 0.00% | 32 | 0.40% | 31 | 0.34% | 22 | 0.30% | 118 | 0.38% |
| Other | 3 | 0.08% | 29 | 1.60% | 116 | 2.20% | 245 | 3.20% | 119 | 1.31% | 297 | 4.11% | 809 | 2.62% |
| | | | | | | | | | | | | | | |
| Total | 357 | 100% | 1812 | 100% | 4729 | 100% | 7671 | 100% | 9074 | 100% | 7209 | 100% | 30852 | 100% |

## ဇယား- ၂

## စေတနာအလျောက်မြေယာလှူဒါန်းခြင်း/လျော်ကြေးပေးခြင်းဆိုင်ရာစာရင်း(ဆဋ္ဌမနှစ်စက်ဝန်း)

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | စီမံကိန်းလုပ်ငန်းခွဲပေါင်း | မြေယာလှူဒါန်းမှုရှိသော | | မြေယာလှူဒါန်းသောစီမံကိန်းလုပ်ငန်းခွဲအရေအတွက် | | | | | | မြေယာကိစ္စ | | လှူဒါန်းသည့် မြေယာ(စ/ပေ) | စုပေါင်းPC14 အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျေးရွာ အုပ်စုပေါင်း | ကျေးရွာ ပေါင်း | လမ်း/တံတား | ရေပေးဝေရေး | မိုးလင်းရေး | အဆောက်အအုံ | အခြား | စုစုပေါင်း | မြေယာလှူဒါန်းသောအိမ်ထောင်စု အရေအတွက် | လျော်ကြေးငွေပေးအပ်သောအိမ်ထောင်စု အရေအတွက် | | | |
| ၁ | ကချင်ပြည်နယ် | မိုးကောင်း | ၁၀၉ | ၄ | ၅ | ၅ | - | - | - | - | ၅ | ၂၃ | - | 2370.67 | ၂၃ | |
| ၂ | | ပူတာအို | ၉၆ | ၃ | ၄ | ၁ | ၃ | - | - | - | ၄ | ၇ | - | ၇၈၇၅ | ၇ | cycle5 |
| ၃ | | ရွှေကူ | ၁၁၁ | ၁၅ | ၂၇ | ၂၅ | ၁ | - | - | ၁ | ၂၇ | ၂၄၄ | - | ၃၆၁၂၆ | ၈ | cycle5 |
| ၄ | ကယားပြည်နယ် | ဒီမော့ဆို | ၁၂၅ | ၈ | ၁၀ | ၄ | ၆ | - | - | - | ၁၀ | ၃၂ | - | 15180.00 | ၃၂ | |
| ၅ | | ဖရူဆို | ၁၀၀ | ၃ | ၃ | ၂ | - | - | ၁ | - | ၃ | ၂၅ | - | 10712.00 | ၂၅ | |
| ၆ | | လွိုင်ကော် | ၄၆ | ၄ | ၈ | ၈ | - | - | - | - | ၈ | ၁၃၅ | - | 52141.00 | ၁၃၅ | |
| ၇ | | ရှားတော | ၉ | - | - | - | - | - | - | - | - | - | - | - | - | |
| ၈ | | ဖားဆောင်း | ၁၁ | ၂ | ၃ | ၁ | ၂ | - | - | - | ၃ | ၂၇ | - | 4870.00 | ၂၇ | |
| ၉ | | ဘော်လခဲ | ၁၃ | ၁ | ၁ | ၁ | - | - | - | - | ၁ | ၂၄ | - | 6630.25 | ၂၄ | |
| ၁၀ | | မယ်စဲ့ | ၁၁ | - | - | - | - | - | - | - | - | - | - | - | - | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၂၉၁ | ၄ | ၇ | ၅ | - | - | ၂ | - | ၇ | ၇၈ | - | 170476.00 | ၇၈ | |
| ၁၂ | | လှိုင်းဘွဲ့ | ၂၀၉ | ၁၃ | ၁၉ | ၁၆ | ၂ | - | ၁ | - | ၁၉ | ၁၂၄ | - | ၈၆၃၅၇.၂ | ၁၂၄ | cycle5 |
| ၁၃ | | ကော့ကရိတ် | ၁၈၅ | ၂ | ၄ | ၃ | - | - | ၁ | - | ၄ | ၉၇ | - | ၁၀၇၉၈၆.၈ | ၉၇ | cycle5 |
| ၁၄ | ချင်းပြည်နယ် | မတူပီ | ၁၄၆ | ၆ | ၆ | ၄ | - | ၁ | ၁ | - | ၆ | ၂၃ | - | 71260.00 | ၂၃ | |
| ၁၅ | | တွန်းဇံ | ၈၁ | ၁၄ | ၁၄ | ၈ | ၄ | ၁ | ၁ | - | ၁၄ | ၁၇၈ | - | ၃၂၆၆၇၈၁ | ၁၇၈ | cycle5 |
| ၁၆ | | ပလက်ဝ | ၁၆၆ | ၃ | ၃ | ၁ | - | - | ၂ | - | ၃ | ၃ | - | 3545.00 | ၃ | |
| ၁၇ | စစ်ကိုင်းတိုင်း | မြောင် | ၁၁၅ | ၄ | ၄ | ၂ | ၁ | ၁ | - | - | ၄ | ၁၁ | - | 1437.00 | ၁၁ | |
| ၁၈ | | ဗန်းမောက် | ၁၉၆ | ၁၂ | ၁၈ | ၁၂ | ၁ | ၁ | ၄ | - | ၁၈ | ၂၅၈ | - | 90617.00 | ၂၅၈ | |
| ၁၉ | | ကနီ | ၁၆၁ | ၁၅ | ၂၂ | ၂၀ | ၂ | - | - | - | ၂၂ | ၃၃၀ | - | 67172.82 | ၃၃၀ | cycle5 |
| ၂၀ | | ကျွန်းလှ | ၁၀၄ | ၆ | ၇ | ၇ | - | ၁ | - | - | ၈ | ၆၇ | - | 8139.96 | ၆၇ | cycle5 |
| ၂၁ | မကွေးတိုင်း | မင်းတုန်း | ၁၈၆ | ၁၈ | ၂၄ | ၃ | ၃ | ၁၈ | - | - | ၂၄ | ၄၉၉ | - | 18848.00 | ၄၉၉ | |
| ၂၂ | | ဆော | ၁၁၁ | ၂၃ | ၂၄ | ၁၀ | ၂ | ၁၁ | - | ၁ | ၂၄ | ၇၅၁ | - | 36106.53 | ၇၅၁ | |
| ၂၃ | | ထီးလင်း | ၁၁၄ | ၅ | ၅ | - | ၁ | - | ၄ | - | ၅ | ၅ | - | 10506.00 | ၅ | |
| ၂၄ | | ပေါက် | ၂၆၁ | ၁၇ | ၂၈ | ၈ | ၁ | ၁၈ | - | ၁ | ၂၈ | ၅၇၀ | - | 69808.44 | ၅၇၀ | |
| ၂၅ | မန္တလေးတိုင်း | ငါန်းဇွန် | ၁၈၇ | ၈ | ၁၂ | - | ၂ | ၇ | ၃ | - | ၁၂ | ၁၇၅ | - | 10029.00 | ၁၇၅ | |
| ၂၆ | | ညောင်ဦး | ၂၇၇ | ၉ | ၁၅ | - | ၆ | ၉ | - | - | ၁၅ | ၁၄၆ | - | 3176.07 | ၁၄၆ | |
| ၂၇ | | နွားထိုးကြီး | ၁၇၃ | ၉ | ၁၁ | ၈ | ၁ | ၁ | - | ၁ | ၁၁ | ၂၆၉ | - | 51358.00 | ၂၆၉ | |
| ၂၈ | | ပျော်ဘွယ် | ၂၈၄ | ၃ | ၃ | ၁ | ၁ | - | ၁ | - | ၃ | ၇ | - | 900.00 | ၇ | |
| ၂၉ | | ရမည်းသင်း | ၂၉၂ | ၁၀ | ၁၇ | ၄ | ၁၁ | - | - | ၂ | ၁၇ | ၅၁ | - | 35740.00 | ၅၁ | |
| ၃၀ | ပဲခူးတိုင်း | ကျောက်ကြီး | ၁၄၅ | ၁၈ | ၃၂ | ၂၅ | ၁ | ၁ | ၆ | - | ၃၃ | ၄၃၇ | - | 303230.00 | ၄၃၇ | |
| ၃၁ | | မိုးညို | ၂၀၃ | ၁၀ | ၁၃ | ၁ | ၁ | ၈ | ၃ | - | ၁၃ | ၁၅ | - | 97813.00 | ၁၅ | |
| ၃၂ | | ပန်းတောင်း | ၁၆၀ | ၄ | ၁၉ | ၉ | ၇ | - | ၃ | - | ၁၉ | ၆၅ | - | 78092.00 | ၆၅ | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၃ | | ရွှေကျင် | ၅၈ | - | - | - | - | - | - | - | - | - | - | - | - | cycle5 |
| ၃၄ | | သဲကုန်း | ၂၂၀ | ၂၆ | ၄၅ | ၄၀ | ၄ | - | ၁ | - | ၄၅ | ၈၄၆ | - | 200476.00 | ၈၄၈ | cycle5 |
| ၃၅ | ရန်ကုန် | ကော့မှူး | ၂၀၉ | ၂၅ | ၂၉ | ၁၈ | ၂ | - | ၁၀ | - | ၃၀ | ၁၅၉ | - | 248552.50 | ၁၅၉ | |
| ၃၆ | | ကွမ်းခြံကုန်း | ၁၃၆ | ၄ | ၄ | ၃ | ၁ | - | - | - | ၄ | ၁၄ | - | 123045.00 | ၁၄ | |
| ၃၇ | | ကျောက်တန်း | ၁၁၄ | ၃ | ၃ | ၂ | - | - | ၁ | - | ၃ | ၃ | - | 15547.00 | ၄ | |
| ၃၈ | ဧရာဝတီတိုင်း | ကြံခင်း | ၁၈၈ | ၉ | ၂၀ | - | ၂ | ၁၀ | ၈ | - | ၂၀ | ၂၂ | - | 15646.00 | ၂၂ | |
| ၃၉ | | သာပေါင်း | ၃၇၇ | ၆ | ၁၅ | ၂ | ၁ | ၄ | ၈ | - | ၁၅ | ၂၄ | - | 214392.00 | ၂၄ | |
| ၄၀ | | ငပုတော | ၃၄၆ | ၇ | ၉ | ၇ | - | ၁ | ၁ | - | ၉ | ၂၄ | - | 313849.00 | ၂၄ | |
| ၄၁ | | အင်္ဂပူ | ၄၇၂ | ၄၂ | ၁၂၈ | ၁၁၂ | ၅ | ၁၁ | - | - | ၁၂၈ | ၆၇၉ | - | 577930.00 | ၆၈၂ | cycle5 |
| ၄၂ | | ဓနုဖြူ | ၂၂၃ | ၃၁ | ၄၈ | ၄၂ | ၃ | ၃ | - | - | ၄၈ | ၃၆၈ | - | 214803.00 | ၃၇၀ | cycle5 |
| ၄၃ | တနင်္သာရီတိုင်း | တနင်္သာရီ | ၁၀၁ | ၁၃ | ၂၆ | ၁၀ | ၄ | ၂ | ၁၀ | - | ၂၆ | ၂၀၄ | - | 542691.56 | ၂၀၄ | |
| ၄၄ | မွန်ပြည်နယ် | ဘီးလင်း | ၁၉၈ | ၄ | ၄ | ၃ | - | - | - | ၁ | ၄ | ၇၁ | - | 6690.23 | ၇၁ | |
| ၄၅ | | ချောင်းဆုံ | ၁၆၅ | ၅ | ၅ | ၃ | ၂ | - | - | - | ၅ | ၁၅ | - | 7046.50 | ၁၅ | |
| ၄၆ | | ပေါင် | ၁၇၆ | ၅ | ၅ | ၃ | ၂ | - | - | - | ၅ | ၁၃ | - | 37782.50 | ၁၃ | |
| ၄၇ | ရခိုင်ပြည်နယ် | ဂွ | ၁၀၄ | ၁၀ | ၁၅ | ၁၁ | ၃ | - | - | ၁ | ၁၅ | ၉၇ | - | 490038.00 | ၉၇ | cycle5 |
| ၄၈ | | ပုဏ္ဏားကျွန်း | ၈၄ | ၃ | ၃ | ၃ | - | - | - | - | ၃ | ၃ | - | 1712.50 | ၃ | cycle5 |
| ၄၉ | နေပြည်တော် | လယ်ဝေး | ၃၇၆ | ၄ | ၅ | ၁ | ၁ | - | ၂ | ၁ | ၅ | ၂၅ | - | 26056.00 | ၂၅ | |
| ၅၀ | | ပျဉ်းမနား | ၁၃၀ | ၃ | ၃ | - | ၁ | - | - | ၂ | ၃ | ၁၅ | - | 7029.00 | ၁၅ | |
| ၅၁ | ရှမ်းပြည်နယ် | ဆီဆိုင် | ၁၇၇ | ၃ | ၄ | - | ၃ | - | ၁ | - | ၄ | ၇ | - | 4620.00 | ၇ | |
| ၅၂ | | မောက်မယ် | ၅၉ | 3 | 3 | 3 | - | - | - | - | 3 | 7 | - | 717.00 | 7 | cycle5 |
| ၅၃ | | မဘိမ်း | ၅၉ | ၈ | ၁၃ | ၈ | ၁ | ၁ | ၂ | ၁ | ၁၃ | ၅၂ | - | ၁၇၂၅၃.၅ | ၅၃ | cycle5 |
| ၅၄ | | မိုင်းခတ် | ၅၈ | 5 | 6 | 2 | 1 | 3 | - | - | 6 | 12 | - | 479.50 | 12 | cycle5 |

ဇယား-၃

Progress of Ethnic Language translation

| No | Ethnic language | Townships | Materials | | | | Remark |
|---|---|---|---|---|---|---|---|
| | | | Posters | Pamphlets | Envelope | OM brief | |
| 1 | Kayah | Hpruso, Demoso | done | done | done | done | |
| 2 | Kayan | Demoso, Hsihseng | done | done | done | done | |
| 3 | Sagaw kayin | Kyarinnseikgyi, Hparsaung, Hlaingbwe, Kawkareik, Kyaukkyi, Tharbaung, Tanintharyi, Bilin | done | done | done | on going | check the spelling |
| 4 | East Poe | Kyarinnseikgyi, Hlaingbwe, Kawkareik, Bilin | done | done | done | done | |
| 5 | Mon | Kyarinnseikgyi, Hlaingbwe, Kawkareik, Mon | done | done | done | on going | check the spelling |
| 6 | Matu | Matupi | done | done | done | on going | check the spelling |
| 7 | Mara | Matupi | done | done | done | on going | check the spelling |
| 8 | Dai | Matupi | done | done | done | on going | check the spelling |
| 9 | Zotone | Matupi | done | done | done | on going | check the spelling |
| 10 | Zome | Tonzang | done | done | done | on going | check the spelling |
| 11 | Kachin | Moegaung, PutaO | done | on going | on going | on going | translating |
